မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၉၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

မဟာသင်္ကြန်၏ အနှစ်သာရ

ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရှိသည့် သင်္ကန္တ(ပါဠိ)၊ သင်္ကြန္တ (သက္ကတ)တို့မှသက်ဆင်းလာသော သင်္ကြန်သည် အငယ်စားကူးပြောင်းမှု စူဠသင်္ကြန်နှင့် အကြီးစားကူးပြောင်းမှု မဟာသင်္ကြန်ဟူ၍ နှစ်မျိုးရှိလေသည်။

နေ့မှညသို့ ကူးပြောင်းမှု၊ ရက်မှလသို့ ကူးပြောင်းမှုများသည် စူဠသင်္ကြန်မည်၍ နှစ်တစ်နှစ်၏အစ မိဿရာသီမှ နှစ်တစ်နှစ်၏အဆုံး မိန်ရာသီအထိ တစ်ရာသီမှတစ်ရာသီသို့ ကူးပြောင်းမှုများသည်လည်း စူဠသင်္ကြန်ပင်မည်လေသည်။

ဆယ့်နှစ်ရာသီတင်းတင်းပြည့်၍ နှစ်တစ်ပတ်လည်ပြီး နှစ်အဆုံး မိန်ရာသီမှ နှစ်အစ မိဿရာသီသို့ ကူးပြောင်းမှုကိုမူ မဟာသင်္ကြန်ဟု သတ်မှတ်ကြသဖြင့် ယခု ၁၃၆၉ခုနှစ်မှ ၁၃၇၀ပြည့်နှစ်သို့ ကူးပြောင်းချိန်သည် မဟာသင်္ကြန်ကာလဖြစ်တော့၏။ ဤကာလ၌ သဘာဝရာသီဥတု၏ ပူအိုက်ခြောက်သွေ့မှုကို အေးမြကြည်လင်သည့် ရေစင်ရေအေးတို့ဖြင့် လွှမ်းခြုံပေးသော ဒြပ်ပုံအဖြစ် တစ်ဦးကိုတစ်ဦးရေပက်ရင်း မေတ္တာရေကြည်ဆက်ခဲ့ကြသည်မှာ မဟာသင်္ကြန်၏ အနှစ်သာရဖြစ်ပါသည်။

ယင်းအနှစ်သာရအပေါ် အကာမဖုံးစေဘဲ အနှစ်သာရ၏ စီးပိုင်လေးနက်မှု ထင်ဟပ်နေစေရအောင် ဤမဟာသင်္ကြန် ကာလတစ်လျှောက် နှလုံးသားထဲရှိ မေတ္တာရေစင်ကို တွင်တွင်ခပ်ကာ တစ်ဦးအပေါ်တစ်ဦး ပက်ဖျန်းနေကြရပါမည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၂

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ဧပြီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် သက်ဆိုင်ရာပြည်နယ်၊ တိုင်း အသီးသီးတို့၌ ကျင်းပကြသည်။

ရှင်းလင်းတင်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ရက် နံနက် ၈နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတီခွန်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်အောင်က မဲရုံ၊ မဲပုံးများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတီခွန်မြတ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အမှာစကားပြောကြား

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ရက် နံနက် ၈နာရီတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသိန်းရွှေမောင်က အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃ ❐

ဆန္ဒမဲပေးမှု သရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ဆန္ဒမဲပေးမှုသရုပ်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက်)

ဧရာဝတီတံတား (ရတနာပုံ) ဖွင့်လှစ် ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ၁၁ရက်နေ့က ဧရာဝတီတံတား(ရတနာပုံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။ အဆိုပါတံတားသည် ဧရာဝတီမြစ်ကိုဖြတ်၍ မန္တလေးတိုင်း အမရပူရမြို့နယ်နှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားသည်။

နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတစ်ဝန်း လမ်းတံတားပေါင်း များစွာကို လက်ယှက်ထိုး တိုးချဲ့ဖောက်လုပ်တည်ဆောက်လျက်ရှိရာ ပေ၁၈၀အထက် တံတားကြီးပေါင်း ၂၃၃စင်းတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သော ဧရာဝတီတံတား(ရတနာပုံ)သည် အရှည် ၅၆၁၄ပေရှိသည့် လေးလမ်းသွား တံတားဖြစ်ရာ တန်ချိန် ၆၀ ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် ရှစ်စင်းမြောက် ဧရာဝတီမြစ်ကူး တံတားကြီးဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီးများ၏ ကျေးဇူးကြောင့် ဧရာဝတီမြစ် အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာလျက်ရှိသည်။

လက်ရှိအင်းဝတံတားသည် သက်တမ်းကြာမြင့်လာပြီဖြစ်ရာ ဝန်လေးယာဉ်များဖြတ်သန်းရန် အခက်အခဲရှိသဖြင့် နိုင်ငံတော်အကြီးအကဲက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်ရန် လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှုကို သွက်လက်မြန်ဆန်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွက်လာခြင်းသည် နိုင်ငံနှင့်လူမျိုးတို့၏ စီးပွားနေအင်အား တိုးတက်ခိုင်မာမှု၊ အတတ်ပညာ၊ နည်းပညာစွမ်းအား မြင့်မားလာမှုတို့၏ အခြေခံကောင်းများကို ဖော်ညွှန်းပြဆိုနေခြင်းပင် ဖြစ်သည်။ ယခု ရတနာပုံ တံတားကြီးသည် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ ကူးလူးဆက်သွယ်သွားလာရာတွင် မဟာဗျူဟာမြောက် အချက်အချာကျသည့် တံတားတစ်စင်းဖြစ်သည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားတို့ဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး အပါအဝင် အခြေခံကောင်းများကို ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၌ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပိုမိုရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီတဂူကြယ်တစ်ပွင့် နှစ်ဦးဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၂

မန္တလေးပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်နှင့် ရန်ကုန် သဃ်ၤန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် လုပ်သားလမ်း သံသုမာ လမ်းမကြီး ဇေယျာရွှေပြည်ကျောင်းတိုက် ဆရာတော် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သည် ဧပြီ ၁၈ရက်နှင့် ၁၉ရက်ည၌ မကွေးမြို့၊ ၂၀ရက်ည၌ သလ္လာဝတီ ဇလမ်း ၁၀တောင်ရပ်ကွက် သာကေတ ရန်ကုန်၊ ၂၂ရက်ည၌ ၁၄ ရပ်ကွက် ပင်လုံဈေး လှိုင်သာယာ ရန်ကုန်၊ ၂၃ရက် ည၌ ဇေယျဝတီကျောင်း ဒလမြို့၊ ၂၄၊ ၂၅၊ ၂၆ရက်များ၌ မလွန်ရွာ အထက်မင်းလှမြို့၊ ၂၇ရက်ည၌ မင်းဘူးမြို့၊ ၂၈၊ ၂၉ရက်ည၌ ချောက်မြို့၊ ၃၀ရက်ည၌ ထနောင်းတောရွာ မုံရွာမြို့၊ မေ ၁ရက်ည၌ နတ်ကြီးချွန်းရွာ မုံရွာမြို့၊ ၂ရက်ည၌ သရက်သာရွာ မြောင်းမြမြို့၊ ၃၊ ၄ရက် ညများ၌ အောင်မင်္ဂလာ ၁လမ်း မုံရွာမြို့၊ ၆ရက်ည၌ ဗိသုကာနာရေးကူညီမှု ၆၀×၆၂ လမ်းကြား အင်းခရ မန္တလေး ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လက်ပံတန်းမြို့နယ်၌ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဧပြီ ၁၂

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် မဟာဒုက် ဆွမ်းဆန်စိမ်းလောင်းလှူရေးအသင်းကြီး၏ (၈၂) ကြိမ်မြောက် စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၉ ရက်က အဆိုပါ အသင်းကြီး၏ ဓမ္မာရုံရှေ့၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက် အသီးသီးမှ ပေးပို့လှူဒါန်းသည့် ပဒေသာပင် ၁၂၄ပင်နှင့် ဆွမ်းဆန်တော်များကို ကြွရောက်လာကြသော ကျောင်းပေါင်း၁၂၄ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား အသင်းအမှုဆောင်အဖွဲ့နှင့်အလှူရှင်တို့ကဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုအတွက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များက ရေစက်ချ အမျှပေးဝေကာ လှူဒါန်းပွဲကို ရုပ်သိမ်းခဲ့သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၃-၄-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသကြင်္န်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၆။	မြန်မာသကြင်္န်
၄:၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မြန်မာသကြင်္န်
၆:၃၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	အုံသြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၅၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၉)

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာကျင်းပ

နေပြည်တော် ဧပြီ ၁၂

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၉ရက် နံနက်၇နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်နှင့် စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုတို့က တောင်ဘက်စောင်းတန်းတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(**အငြိမ်း**)က တောင်ဘက်စောင်းတန်းတော်ကြီး၏ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်တော်ရှိ အောင်ဓမ္မာရုံကြီး၌ ဆက်လက်ကျင်းပသည်။

ပုံ့ပိုးချီးမြှောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေးသာသနာပြုမင်းအဆက်ဆက်နည်းတူ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို နေရောင်လရောင်ပမာ ပိုမိုထွန်းလင်းတောက်ပ အဓွန့်ရှည်တည်တံ့ပြန့်ပွားရေးအတွက် ဘုရား၊ စေတီ၊ ကျောင်းကန်များ အသစ်တစ်ဖန်တည်ထားကိုးကွယ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ အပါအဝင် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် အဘက်ဘက်က ပံ့ပိုးချီးမြှောက် ထောက်ပံ့လျက်ရှိသည်။

စုပေါင်းလှူဒါန်း

ယခုဖွင့်လှစ်လိုက်သည့် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီးသည် အလျား ၁၅၅ပေနှင့် အနံ ၁၄ပေ ရှိပြီး သဒ္ဓါကြည်လင်စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၆၂၀ဖြစ်ကြောင်း သိရသည်။

အဆိုပါ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ဘုရားဖူးလာပြည်သူများသည် နေပူဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကင်းစွာ အရိပ်အာဝါသ အပြည့်ဖြင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ဘုရားပွင့်လာရခြင်း" တရားတော် (အပိုင်း-၂) (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀	Soccer Update
၈:၁၅-၂:၁၅	Sunday Talk [ဦးသန်းဌေး(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၊ဒုတိယ ဥက္ကဋ္ဌ)၊ ဦးအမ်းယုမောင် (လက္ခဏာဝေဒပညာရှင်)၊ ဦးမျိုးမြတ်သူ]
၉:၁၀-၃:၁၀	ခါသင်္ကြန်အဆိုအက
၉:၁၅-၃:၁၅	ပြည်တွင်းသတင်း အကျဉ်း
၉:၂၅-၃:၂၅	မန်းရွှေစက်တော်မှ ခြေတော်ရာဦး ဖူးရအောင်
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်း အကျဉ်း
၉:၄၅-၃:၄၅	ခါသင်္ကြန်အဆိုအက
၉:၅၅-၃:၅၅	သီးနှံစိုက်ပျိုးအထွက်တိုး "မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ"
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	ခါသင်္ကြန်အဆိုအက
၁၀:၁၅-၄:၁၅	သင်္ကြန်အကြိုနေ့မြင်ကွင်း
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်း အကျဉ်း
၁၀:၃၅-၄:၃၅	သစ္စာတရား ဖြန့်ဖြူးရာဝယ် [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D]
၁၁:၀၅-၅:၀၅	ခါသင်္ကြန်အဆိုအက
၁၁:၁၀-၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	ခါသင်္ကြန်အဆိုအက
၁၁:၂၀-၅:၂၀	Euro Goals
၁၁:၄၀-၅:၄၀	ခါသင်္ကြန်အဆိုအက
၁၁:၄၅-၅:၄၅	ကြည်နူးရိပ် ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ ဦး၊ ခိုင်နှင်းဝေ
၁၂:၂၀-၆:၂၀	ခါသင်္ကြန်အဆိုအက
၁၂:၃၀-၆:၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၂:၅၀-၆:၅၀	ခါသင်္ကြန်အဆိုအက
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV - 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Liverpool-Blackburn	ESPN(Live)
၉:၂၅	Man Utd - Arsenal	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Lazio-Seina	5-Cartoon(Live)
၁:၀၀	Inter Milan-Fiorentina	5-Cartoon(Live)

✳ **ရှေ့ဖုံးမှ**

"မုယုတိ သိနေဟတီတိ မေတ္တာ" ဟု ဖွင့်ဆိုသည့်အတိုင်း အခြားသော ပုဂ္ဂိုလ်သတ္တဝါများအပေါ် စိတ်အားဖြင့် စေးစေးကပ်ကပ် ရှိနေသောသဘောသည် မေတ္တာမည်ပါ၏။ စေးစေးကပ်ကပ်ရှိ၍ မကွဲမကွာဘဲ တစ်သားတည်းဖြစ်လျက် ရေကိုသားသော် အကြားမထင်သည့် သဘောသည် မေတ္တာမည်ပါ၏။ မကွဲပြားခြင်းအဓိပ္ပာယ်၊ စည်းလုံးခြင်းသင်္ကေတ၊ ကြည်လင်ခြင်းဒြပ်ပုံသည် မေတ္တာမည်ပါ၏။

မိသားစုအပေါ်၊ မိမိဝန်းကျင်အပေါ်၊ မိမိနိုင်ငံအပေါ် ဖွာတာတာ ဖွယ်တယ်တယ်မဖြစ်ဘဲ စေးစေးကပ်ကပ်ရှိနေခြင်း ဟူသော မေတ္တာတရားကို နိုင်ငံအဝန်းလွှမ်းခြုံ မွှမ်းထုံနိုင်လေလေ မဟာသင်္ကြန်၏ အနှစ်သာရကို သင်္ကြန်လွန်ကာလများတစ်လျှောက် အထိ ဆောင်ကြဉ်းနိုင်လေလေ ဖြစ်ပါလိမ့်မည်။

မဟာသင်္ကြန်ကာလ အေးချမ်းကြည်လင်သောရေစင်ဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးစွာ ပက်ဖျန်းကြသကဲ့သို့ စိတ်ထဲက မေတ္တာရေကိုပါ ခပ်ယူသွန်းဖျန်းကြခြင်း၏ လက်ငင်းရလဒ်ကောင်းကျိုးများအဖြစ် "ချမ်းသာ အိပ်စက်၊ ချမ်းသာလျက်နိုး၊ အိပ်မက်ဆိုးကင်း၊ စောင့်ခြင်းနတ်များ၊ လူသားလည်းချစ်၊ နတ်လည်းချစ်လျက်၊ လက်နက်ဆိပ်မီး ပြီးသည်တစ်ဖြာ၊ မျက်နှာရွှင်ကြည်၊ တည်ကြည်စိတ်နှလုံး၊ သေဆုံးမတွေဝေ" ဟူသော ပစ္စုပ္ပန် မေတ္တာအကျိုးဆယ်ပါး မုချခံစားကြရပါမည်။

နေ့မှညသို့ကူးကူး၊ ရက်မှလသို့ကူးကူး၊ လမှနှစ်သို့ကူးကူး ကူးပြောင်းမှု သင်္ကြန်နှစ်မျိုးအပေါ် မေတ္တာမှမေတ္တာသို့ကူးသော မေတ္တာသင်္ကြန်တစ်မျိုးဖြင့် ခြုံလွှမ်းရင်း အေးချမ်းသာယာပြည်မြန်မာ မေတ္တာသင်္ကြန်ကျလျက် ရှိပါသတည်း။ ။

ရတနာစည်ဆရာတော်(လှိုင်လင်)

အမြတ်တရား(၄)ပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သောကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

ဓမ္မပဒ (၂၀၄)

❒ **ရှေ့ဖုံးမှ**

ယင်းနောက် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်အောင်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးတင်ပြပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်

အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဒင်၊ ဦးကျော်ထွန်းနှင့်အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။



ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမောင်လှ၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

ဦးသိန်းရွှေမောင်၊ ဦးကြာထွန်းနှင့် အဖွဲ့ဝင်များသည် မဲရုံနမူနာနှင့် မဲဆန္ဒပေးပုံ အဆင့်ဆင့် လက်တွေ့သရုပ်ပြသ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၀ရက် မွန်းလွဲ ၁နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဒင်က အမှာစကားပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ကယားပြည်နယ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် ကရင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ရက် နံနက် ၉နာရီခွဲတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က အမှာစကား ပြောကြားသည်။

ကရင်ပြည်နယ်

ဆက်လက်၍ ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမောင်မောင်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ဆန္ဒမဲပေးမှုသရုပ်ပြ

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်၊ ဦးလန်းဇုန်းနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်း

ကျောင်း၌ ကျင်းပသည့် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ဧပြီ ၁၀ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်လှက အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုင်းယီကျန်းနှင့် တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ရှင်းလင်းဖြေကြားကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်လှက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဝယ်ယူဖတ်ရှုနိုင်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) စာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မဲရုံမှူးလမ်းညွှန်စာအုပ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်စာအုပ်ငါးမျိုးကို ၂၀၀၈ခုနှစ် မတ်လ ဒုတိယပတ်မှစတင်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးသို့ ပေးပို့ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်များကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆန္ဒမဲပေးမှု သရုပ်ပြသစဉ်။ (သတင်းစဉ်)

အောင်ဆန်းမိုးကုတ်ရိပ်သာ အထူးတရားစခန်းပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၂

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)တွင် (၁၁၄)ကြိမ်မြောက် တရားစခန်းပွဲကို ဧပြီ ၁ရက်မှ ၇ရက်အထိ ကျင်းပရာ ယောဂီ ၁၆၀၀ ကျော် တရားစခန်းဝင်ရောက်ကြပြီး (၁၁၅) ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ကျင်းပရာ ယောဂီ ၂၂၀၀ကျော် တရားစခန်း ဝင်ရောက်ကြကာ ပြည်တွင်း ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်သစ္စာတရားတော်များ ဟောကြားပြသလျက်ရှိကြောင်း သိရသည်။ (က-ပ)

အမေရိကန်လေကြောင်းတွင်သုံးသည့် လေယာဉ်များ ဝိုင်ယာကြိုးစနစ်မကောင်း၍ ခရီးစဉ်ထောင်ချီဖျက်သိမ်း

နယူးယောက် ဧပြီ ၁၂

ခရီးသည်ထောင်ပေါင်းများစွာတို့သည် အမေရိကန်လေကြောင်းလိုင်းပိုင် အမ်ဒီ-၈၀လေယာဉ်အုပ်စု(အောက်ပုံ)**တွင် ဝိုင်ယာကြိုးသွယ်တန်းမှုစနစ်ချွတ်ယွင်းနေမှုကြောင့် ဧပြီ ၁၁ရက်က ခရီးစဉ်များပယ်ဖျက်ခဲ့ရသဖြင့် အခက်အခဲအနှောင့်အယှက်များ ရင်ဆိုင်ကြုံတွေ့နေရသည်။**

ထိုနေ့က လေကြောင်းခရီးစဉ် ပုံ့သန်းမှု ၅၇၀ ပယ်ဖျက်ခဲ့ရခြင်းသည် တစ်ပတ်အတွင်း စတုတ္ထအကြိမ်မြောက် ခရီးစဉ်များ ဖျက်သိမ်းခဲ့ရခြင်း ဖြစ်သည်ဟု အမေရိကန်လေကြောင်းလိုင်းက ပြောကြားသည်။

ရပ်ဆိုင်းထား

ဧပြီ ၁၁ရက်က လေယာဉ်အစင်း ၃၀၀ရှိရာတွင် ၁၇၀မှာ ဝိုင်ယာကြိုးသွယ်တန်းမှုစနစ် ချို့ယွင်းပျက်စီးနေ၍ ခရီးစဉ်များ မထွက်ခွာနိုင်ဘဲ ပြင်ဆင်ရန် ရပ်ဆိုင်းထားရသည်ဟု ဆိုသည်။

ဧပြီ ၁၀ရက်က အလက်စကာလေကြောင်းလိုင်း၊ မစ်ဒယ်ဝက်စ်လေကြောင်းလိုင်း၊ ဒယ်လ်တာလေကြောင်းလိုင်းတို့မှာလည်း အဆိုပါ ဝိုင်ယာကြိုးစနစ်ချွတ်ယွင်းနေသော အမ်ဒီ-၈၀ လေယာဉ်များကို အသုံးပြုထား၍ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။

ဖျက်သိမ်း

ထိုသို့ လေယာဉ်တွင် အသုံးပြုသော ဝိုင်ယာကြိုးစနစ် မကောင်း၍ ဖျက်သိမ်းခဲ့ရသည့် လေယာဉ်ခရီးစဉ်ပေါင်းမှာ တစ်ပတ်အတွင်း ၃၀၀၀ကျော်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့လယ် စကက်ပ်ရှိုလ်မင်း သင်္ဘောဆိပ်တွင် ဟိုတယ်အဖြစ်ထားရှိသည့် သက်တမ်းနှစ် ၁၂၀ကျော်ရှိ အက်ဖ်ချက်မန်ရွက်သင်္ဘောကို ပြုပြင်မွမ်းမံပြီးနောက် ဧပြီ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖိုဝါ့သ်ဒေသတွင် ထွန်စက်နှင့်နောက်တွဲယာဉ်တစ်စီးတိမ်းမှောက်နေသည်ကို ဧပြီ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြောက်ဝင်ရိုးစွန်း ဒေသသို့ ပထမဆုံးရောက် ချက်အမျိုးသမီး

ပရာဟာ ဧပြီ ၁၂

အသက်(၃၄)နှစ်ရှိပြီးဖြစ်သော မီလူဆေးနီတိုလစ်ကာ**(အောက်ပုံ)**သည် ဧပြီ ၉ရက် ညပိုင်းက မြောက်ဝင်ရိုးစွန်းသို့ ရောက်ရှိခဲ့သည့် ပထမဆုံးသောချက်အမျိုးသမီးဖြစ်လာသည်။

သတင်းထုတ်ပြန်

နီတိုလစ်ကာသည် မြောက်ဝင်ရိုးစွန်းဒေသသို့ ချက်အမျိုးသားနှစ်ဦးနှင့်အတူ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့သည် မတ်လမှစတင်၍ ထိုခရီးစဉ်ကို စွန့်စားထွက်ခွာခဲ့ကြောင်း ချက်သတင်းအေဂျင်စီ စီတီကေက သတင်းထုတ်ပြန်သည်။

ယင်းတို့သည် ရာသီဥတု ဆိုးရွားလာမှုကြောင့် ရုရှားနိုင်ငံရှိ ဝင်ရိုးစွန်းဒေသ စွန့်စားမှုသွားလာရေး အခြေစိုက်စခန်းရှိရာ ဘာနီယိုဒေသသို့ ပြန်လာခဲ့ပြီးမှ ခရီးစဉ်အတိုင်း ပြန်လည်ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

ဖော်ဆောင်နိုင်

မိမိသည် မြောက်ဝင်ရိုးစွန်းသို့ရောက်ရှိခဲ့ပြီဖြစ်၍ စိတ်ကူးယဉ်မဟုတ်သော လက်တွေ့ဘဝကို ဖော်ဆောင်နိုင်ပြီဖြစ်ကြောင်းနီတိုလစ်ကာက မြောက်ဝင်ရိုးစွန်းမှ ချက်နိုင်ငံရှိ မိသားစုများထံ ဖုန်းဆက်ပြောကြားသည်။

ဖုံးလွှမ်းနေ

မြောက်ဝင်ရိုးစွန်း ဒေသသို့ နီတိုလစ်ကာရောက်ရှိသွားချိန်တွင် ရာသီဥတုမှာ အလွန်ချမ်းအေးလှပြီး အနုတ်၄၀ဒီဂရီစင်တီဂရိတ်ဖြစ်နေ၍ ရေခဲများ ဖုံးလွှမ်းလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒနသဟာယအဖွဲ့သို့ ပါကစ္စတန် ပြန်လည်ဝင်ရောက်မည်ဟုဆို

အစ္စလမ္မာဘတ် ဧပြီ ၁၂

ဓနသဟာယဝန်ကြီးများသည် ပါကစ္စတန်နိုင်ငံအား ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည် ဝင်ရောက်ခွင့်ပြုရန် မေ ၇ ရက်နှင့် ၈ရက်တို့တွင် လန်ဒန်မြို့၌ တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသထုတ် သတင်းစာ တစ်စောင်က ရေးသားဖော်ပြသည်။

ဓနသဟာယ အဖွဲ့ဝင်များသည် အစ္စလမ္မာဘတ်၌ တည်ထောင်ထားသော အစိုးရသစ်ကို ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခွင့်ပြုရန် ဆွေးနွေးဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း သံတမန်ရပ်ကွက်များက ပြောကြားချက်ကို ဒေးလီးတိုင်း(မ်) သတင်းစာတွင် ရေးသားဖော်ပြသည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် ၂၀၀၇ခုနှစ် နိုဝင်ဘာလက နိုင်ငံအား အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ရက်တွင် အဖွဲ့ဝင် ၅၃နိုင်ငံ အစည်းအဝေးတက်ရောက်ခွင့်ကို ရပ်ဆိုင်းထားခဲ့ကြောင်း လန်ဒန်မြို့၌ကျင်းပသော ဓနသဟာယဝန်ကြီးများ အစည်းအဝေးက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟားမတ်စ်ခေါင်းဆောင်များအား ဖမ်းဆီးရန် ဂါဇာတွင် အစ္စရေးတို့က လိုဏ်ခေါင်းများတူးနေ

ဂါဇာ ဧပြီ ၁၂

အစ္စရေးတို့သည် ဟားမတ်စ်ထိပ်တန်းခေါင်းဆောင်များကို ဖမ်းဆီးနိုင်ရန် ဂါဇာကမ်းမြောင်ဒေသအတွင်း မြေအောက်လိုဏ်ခေါင်းများ တူးဖောက်နေကြောင်း ဟားမတ်စ်ပြည်ထဲရေးဝန်ကြီး အိတ်ဆီယန်က လန်ဒန်အခြေစိုက် အာရေဘီသတင်းစာ အယ်လ်ရှပ်သို့ပြောကြားသည်။

ပြောကြား

အစ္စရေးပြည်တွင်းလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသအတွင်း ဒေသခံအေးဂျင့်များမှ တစ်ဆင့် စစ်ဆင်ရေးအတွက် ဆောင်ရွက်ရန် နေအိမ်အခန်းများလိုက်ဝယ်နေကြောင်း ဟားမတ်စ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ချောင်ပိတ်ဖမ်း

မကြာသေးမီက ပါလက်စတိုင်းသားအဖနှစ်ဦးအား ဂါဇာမြို့၌ အစ္စရေးတပ်များက နေအိမ်အခန်းတစ်ခန်း ဝယ်ယူပြီး ချောင်ပိတ်ဖမ်းဆီးမှု ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကြိုးပမ်း

ဟားမတ်စ်တို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ဆက်ဆံရေး ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆီယန်က သတင်းစာသို့ ပြောကြားသည်။

သတ်မှတ်ခဲ့

သို့သော်လည်း အမေရိကန်နှင့် ဥရောပနိုင်ငံများသည် ၂၀၀၆ခုနှစ် ဇန်နဝါရီလက ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြင်သစ်နိုင်ငံ ပါရီမြို့ လီဆင်တီယာအရပ်တွင် မီးလောင်မှုဖြစ်ပွားပြီးနောက် မီးသတ်သမားများက မီးငြိမ်းသတ်နေသည်ကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဒီလိုကိုး ....

ကျောင်းသို့ ရောက်ရှိလာသည့် မူလတန်းကျောင်းသားတစ်ဦးက အတန်းပိုင်ဆရာအား မေးမြန်းလေသည်။

ကျောင်းသား ။ ။ ဆရာ…ဘယ်သူ့ကိုမှ စိတ်ဆင်းရဲအောင် မလုပ်ရဘူးလို့ သင်ထားတယ်နော်။

ဆရာ ။ ။ အေး… ဟုတ်တယ်…

ကျောင်းသား ။ ။ အပြစ်ရှိရင်တောင် သည်းခံခွင့်လွှတ်ရမယ်လို့လည်း သင်ကြားထားတယ်နော်။

ဆရာ ။ ။ အေး… မှန်တယ်။

ကျောင်းသား ။ ။ တခြားလူကိုလဲ မိမိက ထိခိုက်နာကျင်အောင် မလုပ်ရဘူးနော်။

ဆရာ ။ ။ သိပ်မှန်တာပေါ့ကွာ။

ကျောင်းသား ။ ။ ဒါဆို ကျွန်တော် အိမ်စာတွေ မလုပ်ခဲ့ဘူးဆရာ။

ဆရာ ။ ။ **"ဟေ"**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲအခြေအနေ

သတင်းအက်ဆေး

ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်က မဲစာရင်းထုတ်ပြန်ရန်အချိန်ဆွဲထားသည့်အတွက် ယှဉ်ပြိုင်သည့် ပါတီအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများရော မဲဆန္ဒရှင်ပြည်သူများပါ မျှော်တလင့်လင့်စောင့်နေကြသည်။

ဇင်ဘာဘွေ ရွေးကောက်ပွဲကိစ္စကို ကမ္ဘာ့ပြည်သူတို့ကလည်း မျက်လုံးဒေါက်ထောက်ကြည့်လာသည်။ ကမ္ဘာ့ ခေါင်းဆောင်အချို့ကလည်း ရွေးကောက်ပွဲရလဒ် အမြန်ထုတ်ပေးရန် နိုးဆော်လာသည်။ ရွေးကောက်ပွဲဟု သာမန်ဆိုသော်လည်း မတ် ၂၉ရက်က ကျင်းပသည့် ဇင်ဘာဘွေ ရွေးကောက်ပွဲမှာ သမ္မတရွေးကောက်ပွဲ၊ အထက်နှင့်အောက်လွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရအုပ်ချုပ်ရေး ရွေးကောက်ပွဲဟူ၍ လေးမျိုးလေးစား တစ်ပြိုင်နက်တည်းပြုလုပ်ခြင်း ဖြစ်သည်။

အမတ်နေရာ ၆၀ရှိသည့် အထက်လွှတ်တော်နှင့် အမတ်နေရာ ၂၁၀ရှိသည့် အောက်

ဇင်ဘာဘွေနိုင်ငံမှ ဝိတိုရိယ ရေတံခွန်၏အလှ။

လွှတ်တော်ရွေးကောက်ပွဲများတွင် အာဏာရ ဇာနူပီအက်ဖ်ပါတီနှင့် အတိုက်အခံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ)တို့ အဓိက ပါဝင်ယှဉ်ပြိုင်သည်။ သမ္မတ ရွေးကောက်ပွဲတွင်မူ အာဏာရဇာနူပီအက်ဖ်ပါတီကိုထူထောင်သူ သမ္မတရောဘတ်မူဂါဘီ၊ အမ်ဒီစီပါတီ ခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်း၊ ဇာနူပီအက်ဖ်မှ ဘဏ္ဍာရေးဝန်ကြီးဟောင်း ဆင်ဘာမာကိုနီတို့ ဝင်ရောက်ယှဉ်ပြိုင်သော်လည်း အဓိကပြိုင်ဘက်နှစ်ဦးမှာ ရောဘတ်မူဂါဘီနှင့် ရှန်ဂီရိုင်းတို့ပင်ဖြစ်သည်။

တိုက်ပွဲဝင်

ရောဘတ်မူဂါဘီသည် ယခုအခါ အသက် ၈၄နှစ်ရှိပြီဖြစ်သည်။ သူသည် ဇာနူပီအက်ဖ်ပါတီကို ၁၉၆၃ခုနှစ်တွင် ဖွဲ့စည်းပြီး ထိုစဉ်က လူနည်းစု လူဖြူအစိုးရကို ဆန့်ကျင်ကာ အာဏာရသည်အထိ တိုက်ပွဲဝင်ခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ရှန်ဂီရိုင်းမှာမူ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး လက်ရှိ အတိုက်အခံပါတီကိုထူထောင်ခဲ့သူဖြစ်သည်။ ၂၀၀၀ပြည့်နှစ် ရွေးကောက်ပွဲ၌ သမ္မတမူဂါဘီကို ကပ်၍ရှုံးခဲ့ဖူးသည့် အတွေ့အကြုံရှိသည်။ သူ့ပါတီမှာလည်း ၁၉၉၉ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပြီးနောက် အကွဲအပြဲနှင့်ရင်ဆိုင်ရသဖြင့် အင်အား ရှိသင့်သလောက် မရှိတော့ပေ။ အလားတူပင် အာဏာရဇာနူပီအက်ဖ်ပါတီတွင်း ကွဲအက်သံလည်း ကြားရသည်။ ပါတီဒုတိယဥက္ကဋ္ဌ ဂျိုက်စ်မူဂျူရူက သမ္မတမူဂါဘီနေရာကို ရယူရေးကြိုးပမ်းသည်ဟုဆို၏။

ဇင်ဘာဘွေတွင် ငွေဖောင်းပွမှုနှုန်း ၁၀၀၀၀၀ ရာခိုင်နှုန်းအထိ စံချိန်တင်ပြီး အလုပ်လက်မဲ့ ၈၀ရာခိုင်နှုန်းရှိကာ စားနပ်ရိက္ခာနှင့်လောင်စာဆီပြတ်လပ်နေမှုစသည့် စီးပွားရေးအခက်အခဲ၊ အေအိုင်ဒီအက်စ်ပြဿနာ စသော လူမှုရေး၊ နိုင်ငံရေးပြဿနာများ ရင်ဆိုင်နေရချိန်၌ ရွေးကောက်ပွဲများ ကျင်းပခြင်းဖြစ်သည်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ။

၂၀၀၀ပြည့်နှစ်က လယ်ယာမြေကောင်းများတွင် လူဖြူ လယ်သမား ၄၀၀၀ရှိခဲ့ရာမှ ယခုအခါလူဖြူလယ်သမား ၃၀၀ခန့်သာ ကျန်တော့သည်။လူမည်းများအား လယ်ယာမြေ ခွဲဝေပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

ပြောကြား

အတိုက်အခံပါတီသည် သစ္စာဖောက်ပြီး ဗြိတိန်နှင့်ဆက်သွယ်သည်ဟု သမ္မတ မူဂါဘီက ပြောကြားလိုက်ပြီး သူ့အသက်ရှင်သရွေ့ အတိုက်အခံတို့ အာဏာမရစေရဟုလည်း ရွေးကောက်ပွဲ အကြိုကာလတွင် ပြောကြားထားသည်။

လူဦးရေ ၁၃ဒသမ၃သန်းရှိသည့် ဇင်ဘာဘွေနိုင်ငံ၌ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေမှာ ၅ဒသမ၉သန်းရှိသည်။

ရွေးကောက်ပွဲကော်မရှင်က ပထမဆုံးကြေညာရာတွင်-

အောက်လွှတ်တော်၌	အမ်ဒီစီက အမတ်(၁၂)နေရာ ဇာနူပီအက်ဖ်က အမတ်(၁၂)နေရာ။
ထို့နောက် အောက်လွှတ်တော်၌	အမ်ဒီစီက အမတ်(၃၅)နေရာ ဇာနူပီအက်ဖ်က အမတ်(၃၁)နေရာ။
နောက်နှစ်ရက်အကြာ အောက်လွှတ်တော်၌	အမ်ဒီစီက အမတ်(၉၀)နေရာ ဇာနူပီအက်ဖ်က အမတ်(၈၅)နေရာ။
ယင်းနောက် အောက်လွှတ်တော်၌	အမ်ဒီစီက အမတ်(၉၉)နေရာ ဇာနူပီအက်ဖ်က အမတ်(၉၇)နေရာနှင့်
အထက်လွှတ်တော်၌	အမ်ဒီစီနှင့်ဇာနူပီအက်ဖ်တို့ အမတ်(၅)နေရာစီရကြောင်း ဖော်ပြထားသည်။

၎င်းသည်မှာ အာဏာရ ဇာနူပါတီအနေဖြင့် ပထမဆုံး အရှုံးနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

လိုလား

ထိုအချိန်အထိ အရေးကြီးသည့် သမ္မတရွေးကောက်ပွဲရလဒ်ကို မကြေညာနိုင်သေးပေ။

အတိုက်အခံ အမ်ဒီစီပါတီက ၎င်းတို့၏ခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းက ၅၀ဒသမ၃ ရာခိုင်နှုန်း၊ သမ္မတမူဂါဘီက ၄၃ဒသမ၈ ရာခိုင်နှုန်း သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမှုရကြောင်း ကြေညာသည်။ သို့သော် ဇာနူပီအက်ဖ်ပါတီက လက်မခံပေ။ မဲပြန်ရေတွက်ရန် လိုလားသည်။

ထိုအတောအတွင်း သမ္မတ မူဂါဘီရရှိသည့် မဲအရေအတွက်ကို လျှော့ပြမှုဖြင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးသည်။

သမ္မတရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ဇင်ဘာဘွေ ရွေးကောက်ပွဲ အထောက်အကူပြု ကွန်ရက်အဖွဲ့က မဲစာရင်းထုတ်ပြန်သည်။ ရှန်ဂီရိုင်းက ၄၉ရာခိုင်နှုန်း၊ မူဂါဘီက ၄၂ ရာခိုင်နှုန်း ထောက်ခံမဲများ ရရှိသည်ဟု ဖော်ပြထားသည်။

သမ္မတရွေးကောက်ပွဲ၌ တစ်ဦးဦးက ထောက်ခံမဲ ၅၀ရာခိုင်နှုန်းနှင့် အထက်ရလျှင် အနိုင်ရခြင်းဖြစ်၏။ တစ်ဦးမျှ ထိုအရေအတွက်မရလျှင် မဲအများဆုံးရသူ နှစ်ဦး ဒုတိယအကြိမ် ထပ်မံယှဉ်ပြိုင်ရသည်။ မဲပိုရသူက အနိုင်ရသည်။ ရွေးကောက်ပွဲရလဒ်ကိုလည်း ကျင်းပပြီး ခြောက်ရက်အတွင်း ဇင်ဘာဘွေ ဥပဒေအရ ကြေညာရမည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကြိမ်ကျင်းပပြီး သမ္မတမူဂါဘီ ပါဝင်အရွေးခံရေးကို သူ့ပါတီ ဇာနူပီအက်ဖ်က လက်ခံသဘောတူသည်။

သို့သော် ကော်မရှင်က သမ္မတရွေးကောက်ပွဲရလဒ်ကို မကြေညာနိုင်၊ မကြေညာခဲ့။ သို့သော် အတိုက်အခံပါတီက ဟာရာရေးတရားရုံးချုပ်သို့ ရွေးကောက်ပွဲရလဒ် အမြန်ထုတ်ပြန်ရေး ဆော်ဩပေးရန် ဦးတိုက်လျှောက်ထားသည်။ ရွေးကောက်ပွဲကော်မရှင်က ထိုအမှုကို တရားရုံးချုပ်က စီရင်ပိုင်ခွင့်မရှိဟု ထုချေသည်။

တရားရုံးချုပ်က ထုချေလွှာကို ပယ်ချကာ အမှုစီရင်ဆုံးဖြတ်ရန် ရက်ချိန်းပေးသည်။

အတိုက်အခံပါတီ အမ်ဒီစီခေါင်းဆောင်ရှန်ဂီရိုင်းက တရားရုံးချုပ်စီရင်ချက်ကိုလည်း အားကိုးသည်။ လက်ရှိ ရွေးကောက်ပွဲရလဒ် အမြန်ထုတ်ပြန်ရေး ဖိအားပေးကြရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့လည်း ကိုယ်တိုင်သွားရောက် အကူအညီတောင်းသည်။ ဇင်ဘာဘွေ သမ္မတ ရွေးကောက်ပွဲရလဒ်မှာ ယခုအချိန်ဆိုလျှင် ထုတ်ပြန်ကြေညာပြီးလောက်ချိန် ရောက်ပြီဖြစ်ကြောင်း တောင်အာဖရိက အာဏာရ အေအင်န်စီခေါင်းဆောင် ဂျက်ကော့ ဇူးမားက ပြောကြားလိုက်သည်။ ဂျက်ကော့ဇူးမား ပြောကြားချိန်မှာ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် ၁၁ရက်မြောက်နေ့ ဖြစ်သည်။

ဇင်ဘာဘွေရွေးကောက်ပွဲကိစ္စသည် ယခုအခါ နိုင်ငံတကာအရေးတစ်ခုဖြစ်လာပြီဟုလည်း ဂျက်ကော့ဇူးမားက သတိပေးသည်။

တောင်းဆို

ထိုအတောအတွင်း အခြားသော ကမ္ဘာ့ခေါင်းဆောင်များနည်းတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲရလဒ်အမြန်ကြေညာရန် တောင်းဆိုလိုက်သည်။ စောစောပိုင်းကလည်း မျက်မှောက်ကာလ၌ ပွင့်ပွင့်လင်းလင်းရှိသည့်ကမ္ဘာတွင် မိမိတို့နေထိုင်ခြင်းဖြစ်ကြောင်း၊ ဇင်ဘာဘွေရွေးကောက်ပွဲကို တစ်ကမ္ဘာလုံးက မျက်လုံးဒေါက်ထောက်ကြည့်နေကြောင်း၊ အမှန်တရားလက်ကိုင်ထား၍ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံးထုတ်ပြန် ကြေညာရန် မိမိတိုက်တွန်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ပြောကြားလိုက်သည်။

ယခုတလော ဇင်ဘာဘွေသတင်းမှာ ကမ္ဘာ့သတင်းမီဒီယာများတွင် ရှေ့တန်းမှ ဆက်တိုက်နေရာယူလျက်ရှိသည်။ ဤသို့ ရှေ့တန်းမှ နေရာယူခြင်းမှာ ဇင်ဘာဘွေ နိုင်ငံအဖို့ ပထမဆုံးအကြိမ် မဟုတ်ပေ။ ၁၉၆၅ခုနှစ်ကလည်း အလားတူနေရာရခဲ့သည်။ထိုစဉ်ကရိုဒီးရှား(ယခုဇင်ဘာဘွေ) နိုင်ငံ ဝန်ကြီးချုပ်အီယန်စမစ်က တစ်ဖက်သတ် လွတ်လပ်ရေးကြေညာခြင်းကြောင့် တစ်ကမ္ဘာလုံးက စိတ်ဝင်တစားရှိပြီး ရှုတ်ချ သူများက ရှုတ်ချခဲ့ကြသည်။

အတိုက်အခံခေါင်းဆောင်
မော်ဂန်ရှန်ဂီရိုင်း။

အီယန်စမစ်မှာ အခြားသူမဟုတ်၊ ယခုသမ္မတ မူဂါဘီအား ဝန်ကြီးချုပ်ရာထူး လွှဲပေးသူဖြစ်သည်။ ၁၉၈၇ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးမှ ရောဘတ်မူဂါဘီသည် သမ္မတဖြစ်လာရသည်။

ထို့ကြောင့် ဇင်ဘာဘွေ သမ္မတရွေးကောက်ပွဲရလဒ် မည်သည့်အချိန် ကြေညာမည်နည်း။ ကြေညာလျှင် မော်ဂန် ရှန်ဂီရိုင်း သို့မဟုတ် ရောဘတ်မူဂါဘီ တစ်ဦးဦးရမှာ သေချာသည်။

သို့မဟုတ် ထုတ်ပြန်မကြေညာမီ လူဖြူလူမည်းမြေယာပြဿနာ ထိပ်တက်ပြီး ရွေးကောက်ပွဲပြဿနာနောက် ရောက်သွားမည်လော သို့တည်းမဟုတ် ရွေးကောက်ပွဲရလဒ်ကိုတော့ ကြေညာပါ၏၊ တစ်ဦးမျှ ၅၀ရာခိုင်နှုန်း ထောက်ခံမှုမရလျှင် နောက်ထပ် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲကို ဇင်ဘာဘွေ ဥပဒေအရ ၂၁ရက်အတွင်း ထပ်မံကျင်းပပေးရမည်ဖြစ်ရာ ရလဒ်ကို ထပ်မံစောင့်မျှော်ရပေဦးမည်။

သို့သော် အတိုက်အခံပါတီ အမ်ဒီစီက နောက်ထပ်ကျင်းပမည့် ဒုတိယအကြိမ်သမ္မတ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဟု ယတိပြတ်ငြင်းဆိုနေသည်။

ဇင်ဘာဘွေ ရွေးကောက်ပွဲကိစ္စဆွေးနွေးရန် ဇမ်ဘီယာနိုင်ငံ သမ္မတ အမ်ဝါနာဝါဆာ သဘာပတိအဖြစ်ဆောင်ရွက်မည့် ၁၄ နိုင်ငံပါဝင်သည့် ဒေသဆိုင်ရာ နိုင်ငံများအုပ်စု၏ အရေးပေါ်အစည်းအဝေး ခေါ်ယူထားသည်။ မူဂါဘီရော၊ ရှန်ဂီရိုင်းပါ တက်ရောက်ကြမည်ဖြစ်ရာ မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

တိုး - ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အနီးတွင် ဧပြီ ၁၂ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနှင့် ကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ ငါးဖမ်းသင်္ဘော နစ်မြုပ်ခဲ့ပြီး သင်္ဘောသား ၁၀ဦး ပျောက်ဆုံးလျက်ရှိသည်။

- **နာဆာမှ စေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ဧပြီ၁၂ရက်က အင်္ဂါဂြိုဟ်နှင့် အနီးကပ်ဆုံးနေရာသို့ ရောက်ရှိနေပြီး မေ ၂၅ရက်၌ အင်္ဂါဂြိုဟ် မျက်နှာပြင်သို့ ဆင်းသက်မည်ဖြစ်သည်။**

- ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်မြောက်ပိုင်း၌ ဧပြီ ၁၂ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀၀ကျော် မီးလောင်ခံရပြီး ပျက်စီးခဲ့သည်။

- **ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ဧပြီ ၁၂ရက်က ဗင်ဟွာကော်ဖီလုပ်ငန်းမှ အမြင့် ၁ ဒသမ ၅၃ မီတာ၊ အကျယ် ၂ ဒသမ ၃၃မီတာရှိသည့် ကော်ဖီခွက်ကြီး တစ်ခုကိုပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်၌ အကြီးဆုံး ကော်ဖီခွက်ဖြစ်သည်။**

- အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် ကမ်းလွန်၌ ဧပြီ ၁၂ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မြောက်ဘက် မိုင် ၅၀ခန့်အကွာ မြစ်အတွင်း ဧပြီ ၁၂ရက်က ခရီးသည်တင် စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ခြောက်ဦး သေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိသည်။**

- ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်မြောက်ဘက် မိုင် ၄၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဧပြီ ၁၂ရက်က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

- **ဂရိနိုင်ငံ အေသင်မြို့အနီးတွင် ဧပြီ ၁၂ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး အပါအဝင် ငါးဦးသေဆုံးခဲ့သည်။** (အောက်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၂-၄-၂၀၀၈

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေး အာရပ်နိုင်ငံများအား အင်ဒိုနီးရှား ပစ်မှတ်ထား

အင်ဒိုနီးရှားနိုင်ငံက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများအား ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကို ယခုနှစ်၌ အမေရိကန်ဒေါ်လာ ၃ဒသမ၅၀ဘီလီယံရရှိရေး ကြိုးစားသွားမည်ဖြစ်ရာ အာရပ်နိုင်ငံများအား အဓိကထား ဆွဲဆောင်သွားမည်ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်တွင် ရေနံစိမ်းတစ်စည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၁၀ဒသမ ၁၁ဒေါ်လာအထိရှိလာကြောင်း ၎င်းတို့က ပြောကြားသည်။

အရှေ့အလယ်ပိုင်းဆွေးနွေးပွဲ ဆွီဒင်၌ကျင်းပမည်

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးပွဲကို ဆွီဒင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆွီဒင် အရာရှိများက ပြောကြားသည်။

ကုလသမဂ္ဂ၊ ဆွီဒင်နှင့် အခြားနိုင်ငံများပါဝင်သော အဆိုပါဆွေးနွေးပွဲကိုမေ ၂၉ရက်၌ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။

ဗီယက်နမ်၌ ရေနံချက်စက်ရုံ တည်ဆောက်မည်

ဗီယက်နမ်နိုင်ငံ အမျိုးသားရေနံကော်ပိုရေးရှင်းက နိုင်ငံအတွင်း ရေနံချက်စက်ရုံ တစ်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါ ရေနံချက်စက်ရုံသစ်ကို ခန်ဟွာပြည်နယ်အလယ်ပိုင်းတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်း တည်ဆောက်သွားမည်ဖြစ်ပြီး ငွေကြေးကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိမည် ဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

- *Never put off till tomorrow that which you can do today.*
  ယနေ့လုပ်နိုင်သည့်အလုပ်ကို မနက်ဖြန်သို့ ဘယ်တော့မှ မရွှေ့ဆိုင်းပါနှင့်။
  ဘင်ဂျမင်ဖရန်ကလင်း
  (သိပ္ပံပညာရှင်)

- *Nobody can give you wiser advice than yourself.*
  သင့်အတွက် အကြံကောင်း၊ ဉာဏ်ကောင်းကို သင်ကိုယ်တိုင်မှလွဲ၍ မည်သူမျှ မပေးနိုင်။
  စစ်စီရို
  (စာရေးဆရာ)

သမ္မတဖြစ်လာလျှင် အီရတ်မှတပ်များ ဆက်လက်ရုပ်သိမ်းရန် ဟီလာရီ၊ အိုဘားမားနှင့် မက်ကိန်းတို့အား ပါဝဲလ်တိုက်တွန်း

ဝါရှင်တန် ဧပြီ ၁၂

လက်ရှိ အမေရိကန်သမ္မတ ဂျော့ဘုရှ် ရှေ့နှစ်ဆန်းတွင် သမ္မတသက်တမ်းကုန်ဆုံးသောအခါ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန် သို့မဟုတ် အိုဘားမား သို့မဟုတ် ရီပတ်ဘလီကင်ပါတီမှဂျွန်မက်ကိန်းတို့ သုံးဦးအနက် တစ်ဦးဦးက သမ္မတသစ်အဖြစ် တာဝန်ယူမှာဖြစ်ကြောင်း၊ ထိုသမ္မတသစ်အနေဖြင့် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များကို ပိုမို ရုပ်သိမ်းပေးပါရန် မိမိတိုက်တွန်းပါကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကောလင်းပါဝဲလ်က ဧပြီ ၉ ရက်တွင် ပြောကြားလိုက်သည်။

မစ္စတာပါဝဲလ်သည် လက်ရှိသမ္မတ ဘုရှ်၏ ပထမလေးနှစ်သက်တမ်းအတွင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် လည်းကောင်း၊ သမ္မတဘုရှ်၏ဖခင် သမ္မတဟောင်း ဘုရှ်လက်ထက်တွင် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဂျွန်မက်ကိန်းနှင့် ဟီလာရီ။

မစ္စတာပါဝဲလ်က သူသည် ဂျွန်မက်ကိန်း၊ အိုဘားမား၊ ဟီလာရီကလင်တန်တို့ သုံးဦးစလုံးနှင့် ရင်းနှီးသည့်မိတ်ဆွေဖြစ်ကြောင်း၊ သူတို့သုံးဦးအနက် မည်သူ့ကို လာမည့်သမ္မတရွေးကောက်ပွဲတွင် ထောက်ခံရမည်ကို မဆုံးဖြတ်ရသေးကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြုလုပ်

မည်သူ သမ္မတဖြစ်လာသည်ဖြစ်စေ၊ အရေးကြီးသည်မှာ အီရတ်မှ အမေရိကန် တပ်ဖွဲ့ဝင်များ ဆက်လက်ရုပ်သိမ်းရေးပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အီရတ်နှင့် အာဖကန်နစ္စတန်နိုင်ငံတို့တွင်စစ်ဆင်ရေးများ ဆက်လက်ပြုလုပ် နေရသည့်အတွက် အမေရိကန်တပ်အနေဖြင့် ပင်ပန်းနေပြီဖြစ်ကြောင်း မစ္စတာပါဝဲလ်က ရှင်းပြသည်။

ကြိုတင်ခန့်မှန်း

သမ္မတဘုရှ်အစိုးရအနေဖြင့်သူ့၏ သမ္မတသက်တမ်း ကုန်ဆုံးသည်အထိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်၌ ထားရှိလိမ့်မည်ဟုလည်း မစ္စတာပါဝဲလ်က ကြိုတင်ခန့်မှန်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဇင်ဘာဘွေ ရွေးကောက်ပွဲအတွက် ဒေသတွင်း အရေးပေါ်အစည်းအဝေး ကျင်းပ

ယူဆာကာ ဧပြီ ၁၂

ဇင်ဘာဘွေနိုင်ငံ၌ မကြာမီက ကျင်းပသည့် ရွေးကောက်ပွဲကိစ္စဆွေးနွေးရန် ဇမ်ဘီယာနိုင်ငံ၌ ကျင်းပသည့် ဒေသဆိုင်ရာ ခေါင်းဆောင်များ၏ အရေးပေါ် ထိပ်သီးအစည်းအဝေးသို့ ဇင်ဘာဘွေ သမ္မတ မူဂါဘီနှင့် အတိုက်အခံခေါင်းဆောင် ရှန်ဂီရိုင်းတို့ တက်ရောက်ကြရလိမ့်မည်ဟု ဆိုသည်။

ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပသော ဇင်ဘာဘွေရွေးကောက်ပွဲ ရလဒ်ကို ရွေးကောက်ပွဲ ကော်မရှင်တို့ အရေးပေါ် ထိပ်သီးအစည်းအဝေးကို ဧပြီ ၁၃ရက်တွင် ကျင်းပမည်ဖြစ်သည်။

ငြင်းဆိုထား

ဇင်ဘာဘွေ အတိုက်အခံပါတီက ဒုတိယအကြိမ် သမ္မတ ရွေးကောက်ပွဲ ကျင်းပလျှင် ဝင်ရောက်ယှဉ်ပြိုင်ရန် ငြင်းဆိုထားသည်။

အတိုက်အခံ ခေါင်းဆောင် ရှန်ဂီရိုင်းမှာ ဘော့ဆွာနာနိုင်ငံသို့ လောလောဆယ် ရောက်ရှိနေသည်။ တင်းမာနေသည့် သူ့နိုင်ငံမှ ထွက်လာပြီး အကူအညီတောင်းခြင်းဖြစ်သည်ဟု ပြောကြားကြောင်း ဘော့ဆွာနာဝန်ကြီးတစ်ဦးက ထုတ်ဖော် ပြောကြားသည်။

(အင်တာနက်)

ချက်နိုင်ငံ၌ ရထားနှစ်စင်းတိုက်မိ လေးဦးသေဆုံး

ပါရာကွေး ဧပြီ ၁၂

ချက်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်း အော့စ်တာဗာမြို့၌ ဧပြီ ၁၁ရက်က ဓာတ်ရထားနှစ်စင်းတိုက်မိခဲ့ရာ လေးဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း မီးရထား ရဲတပ်ဖွဲ့ ထောက်လှမ်းရေးမှူး ဇီဒီနက်နူဆာက ပြောကြားသည်။

ဓာတ်ရထားနှစ်စင်းမှာ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် မီးရထားမောင်းနှင်သူတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူ ၃၅ဦးတွင် ၁၅ဦး၏ အခြေအနေမှာ စိုးရိမ်ရဖွယ်ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ဓာတ်ရထားများအတွင်း ပိတ်မိနေသူများအားမီးသတ်တပ်ဖွဲ့ဝင်များနှင့်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

(အင်တာနက်)

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် တရုတ်လုပ်ပျိုဖြူလေးများက တရုတ်ရိုးရာစောင်းများဖြင့် တီးခတ်ဖျော်ဖြေနေကြသည်ကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သစ်တော်သီးပုံစံ ရှားပါးစိန်ကြီးတစ်လုံး ဒေါ်လာ ၁၀သန်းကျော်ဖြင့် လေလံတင်

ဟောင်ကောင် ဧပြီ ၁၂

၇၂ ဒသမ ၂၂ ကရက်ရှိ ရှားပါးစိန်တစ်လုံး (ယာပုံ) ကို ဟောင်ကောင် လေလံတင် ရောင်းချရေးအဖွဲ့က ဟောင်ကောင်ဒေါ်လာ သန်း၈၀ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၆သန်း)ဖြင့် လေလံတင် ရောင်းချလိုက်သည်။

လေလံတင်

အကြီးမားဆုံး

ယင်းစိန်ကြီးသည် အာရှ၌ လေလံတင်ရောင်းချသော စိန်များတွင် တန်ဖိုးအကြီးမားဆုံးစိန်ဖြစ်ကြောင်း လေလံတင်ရောင်းချရေးအဖွဲ့က ပြောကြားသည်။

အဆိုပါ စိန်ကြီး၏ စတင် လေလံခေါ်ဈေးမှာ ဟောင်ကောင်ဒေါ်လာသန်း ၆၀ ဖြစ်သည်။ နောက်ဆုံး လေလံတင်ရောင်းချရေးအဖွဲ့က ဟောင်ကောင် ဒေါ်လာ ၇၃သန်းအထိ တိုးမြှင့် ခေါ်ယူခဲ့သည်။

အရည်အသွေးကောင်းမွန်

နောက်ဆုံးတွင် ဈေးအများဆုံးပေးသည့် လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်သူတစ်ဦးက ဟောင်ကောင် ဒေါ်လာ သန်း၈၀အထိ ဈေးအမြင့်ဆုံးပေးပြီး ဝယ်ယူသွားသည်ဟုဆိုသည်။ ၎င်းစိန်ကြီးသည် အရည်အသွေးကောင်းမွန်ပြီး သစ်တော်သီး ပုံသဏ္ဌာန်ရှိသည်။

ယင်းလေလံတင် ရောင်းချပွဲတွင် သစ်တော်သီးပုံစံ စိန်လုံးရေ၄၃လုံးပါ စိန်ဆွဲကြိုးတစ်ကုံးကိုလည်း ဟောင်ကောင် ဒေါ်လာ ၄၃ ဒသမ၃၃သန်း (အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၃သန်း) ဖြင့် လေလံတင်ရောင်းချလိုက်ကြောင်း သိရသည်။

ကမ္ဘာ့စံချိန်တင်

ထို့အပြင် စိန်လက်ကောက် နာရီတစ်လုံးကိုလည်း ဟောင်ကောင်ဒေါ်လာ ၁၁ဒသမ ၇၅သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁ သန်း) ဖြင့် လေလံတင် ရောင်းချခဲ့ကြောင်း၊ ယင်းဈေးနှုန်းမှာ ကမ္ဘာ့စံချိန်တင် ဈေးအများဆုံးဖြင့် ရောင်းချသည့် စိန်လက်ကောက်နာရီ ဖြစ်ကြောင်း လေလံတင်ရောင်းချရေးအဖွဲ့က ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဟားမတ်စ်အဖွဲ့ဝင် ၂၀၀၀၀အထိ တိုးလာ

ဂျေရုဆလမ် ဧပြီ ၁၂

ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ် စစ်သွေးကြွအဖွဲ့ဝင်ပေါင်း ၂၀၀၀၀ အထိ ရှိလာပြီ ဖြစ်ကြောင်း၊ ဟားမတ်စ် လက်နက်ကိုင်အဖွဲ့ဝင်များသည် အုပ်စုဖွဲ့ တိုက်ခိုက်မှုများပြုလုပ်လာနိုင်ကြောင်း အစ္စရေးထောက်လှမ်းရေးအဖွဲ့က ဧပြီ ၁၀ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

ယင်းတို့သည် ငယ်သား တပ်ဖွဲ့ဝင်များနှင့် လှုပ်ရှားနေပြီး လိုအပ်လျှင် တပ်အသွင် ပူးပေါင်းတိုက်ခိုက်လျက်ရှိကြောင်း၊ ယခုအခါ ဟားမတ်စ်အဖွဲ့သည် ဒုံးကျည်အသစ်အဆန်းများ၊ ဒုံးကျည်ဖျက် တင့်ကားများ စသည့် လက်နက်ဆန်းများကို တပ်ဆင်အသုံးပြု တိုက်ခိုက်လာကြောင်း၊ အကြမ်းဖက် ကွန်ရက်ကြီးသဖွယ် တိုက်ခိုက်လာနိုင်ကြောင်း အစ္စရေးထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။

အခိုင်အမာဖွဲ့စည်း

ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်လျက်ရှိသော ဟားမတ်စ်အဖွဲ့သည် ၂၀၀၅ခုနှစ်တွင် အစ္စရေးတို့နှင့် သဘောထားကွဲလွဲခဲ့ပြီးနောက် ၎င်း၏တပ်ကို အခိုင်အမာဖွဲ့စည်းလာသည်။ ဂါဇာကမ်းမြောင်ဒေသအတွင်း တိုက်ခိုက်မှုများဖြစ်ပေါ်စေရန် အဓိက ပံ့ပိုးပေးနေသည့်နိုင်ငံများမှာ ဆီးရီးယားနှင့် အီရန်တို့ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါရှန်ပင်လယ်ကွေ့အတွင်း ကန်ရေတပ်သင်္ဘော အီရန်စက်လှေများကို ခြောက်လှန့်ပစ်ခတ်

ဝါရှင်တန် ဧပြီ ၁၂

အမေရိကန် စစ်သင်္ဘောတစ်စင်းသည် ပါရှန်ပင်လယ်ကွေ့ဒေသ၌ အီရန်စက်လှေသုံးစင်းကို ဧပြီ ၁၀ရက် ညပိုင်းက ထိပ်တိုက်ဆုံတွေ့စဉ် သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဧပြီ ၁၁ရက်တွင် ပြောကြားလိုက်သည်။

တိုင်ဖုန်းဟု အမည်ပေးထားသော အမေရိကန် ကင်းလှည့်ရေတပ်သင်္ဘောတစ်စင်းသည် ထိုနေ့ ညပိုင်းက ပါရှန်ပင်လယ်ကွေ့အတွင်း ကင်းလှည့်နေခဲ့သည်။

ထုတ်ပြန်

ထို့သို့ ကင်းလှည့်နေစဉ်အတွင်း အီရန်စက်လှေသုံးစင်းသည် အဆိုပါ အမေရိကန်ရေတပ်သင်္ဘောရှိရာသို့ ချဉ်းကပ်လာပြီး ထိကပါးရိကပါးပြောဆိုသည့် အပြုအမူများ ပြုလုပ်ခဲ့ကြောင်း ပင်တဂွန်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ပြန်လှည့်

အမေရိကန်ရေတပ်အရာရှိများက အီရန်စက်လှေများ ချဉ်းကပ်လာစဉ် အီရန်ရေတပ်သို့ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် နှစ်စင်းမှာ ပြန်လှည့် ထွက်ခွာသွားသည်ဟု ဆိုသည်။

သတိပေး

သို့သော်လည်း စက်လှေတစ်စင်းမှာ အမေရိကန် ရေတပ်သင်္ဘော တိုင်ဖုန်းအနီး မီတာ ၁၈၀အတွင်းသို့ ချဉ်းကပ်လာသဖြင့် အမေရိကန် ရေတပ်သင်္ဘောက သတိပေး ပစ်ခတ်ခဲ့သည်။ ထိုသို့အမေရိကန်ရေတပ်က သတိပေး ပစ်ခတ်မှုကြောင့် ပြဿနာကြီးကြီးမားမား ဖြစ်လာစရာအကြောင်း မရှိကြောင်း ပင်တဂွန် စစ်ဌာနချုပ်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

ဧပြီ ၁၁ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

 ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ရော်နယ်ဒင်ဟို အေစီမီလန်သို့ ပြောင်းရွှေ့ကစားမည်

မီလန် ဧပြီ ၁၂

ဘရာဇီးနှင့် ဘာစီလိုနာကွင်းလယ် တိုက်စစ်မှူးရော်နယ်ဒင်ဟိုသည် လာမည့် ဘောလုံးရာသီ၌ စီးရီးအေ ကလပ် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစား တော့မည်ဖြစ်ကြောင်း ရော်နယ်ဒင်ဟို ၏ အေးဂျင့်ဖြစ်သူ ရောဘတ်တို ဒီအက် ဆက်စ်က ဧပြီ ၁၂ရက်က ပြောကြား လိုက်သည်။

မကစားနိုင်ခဲ့

အသက် ၂၈နှစ်အရွယ်ရှိပြီဖြစ်သည့် ရော်နယ်ဒင်ဟိုသည် ဘာစီလိုနာအသင်း တွင် ယခုနှစ်၌ ခြေထောက်ဒဏ်ရာ ရရှိ နေမှုကြောင့် ပွဲစဉ်အများအပြား မကစား နိုင်ခဲ့ပေ။

ဆုံးဖြတ်

သို့ရာတွင် ဒဏ်ရာသက်သာခဲ့သော် လည်း နည်းပြရီကတ်က ပွဲတိုင်းထုတ် မသုံးခဲ့သဖြင့် ရာသီကုန်ချိန် အေစီမီလန် သို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ရော်နယ်ဒင်ဟိုနှင့် အေစီမီလန်တို့ သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ မိမိတို့ မကြာမီအချိန်အတွင်း စာချုပ်ချုပ်ဆိုနိုင် အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ရော်နယ် ဒင်ဟို၏ အေးဂျင့်ဖြစ်သူ အက်ဆက်စ်က ပြောကြားသည်။

(အင်တာနက်)

အေစီမီလန်သို့ ပြောင်းရွှေ့ကစားတော့မည့် ဘာစီလိုနာ ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟို။

(၉)ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲ ဇင်ဘာဘွေရေကူးမယ်ကိုဗင်ထရီ ကမ္ဘာ့စံချိန်ချိုး

မန်ချက်စတာ ဧပြီ ၁၂

(၉)ကြိမ်မြောက် ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ မန်ချက်စတာ မြို့၌ ဧပြီ ၉ရက်မှ ၁၃ရက်အထိ ကျင်းပလျက်ရှိရာ ကမ္ဘာ့စံချိန်ချိုးနိုင်သည့် ရေကူး သမားများ ထွက်ပေါ်ခဲ့ကြောင်း ကမ္ဘာ့ရေကူးအဖွဲ့ချုပ်က ဧပြီ ၁၂ရက်၌ သတင်း ထုတ်ပြန်သည်။

ကမ္ဘာ့စံချိန်ချိုး

ဧပြီ ၁၁ရက်က ယှဉ်ပြိုင်ကစားခဲ့သော အမျိုးသား မီတာ၅၀ စိတ်ကြိုက်ရေကူး ပြိုင်ပွဲတွင် ဩစတြေးလျနိုင်ငံမှ ဖီလီစီတီဂါဗက်ဇ်က ၂၅ဒသမ၃၂စက္ကန့်ဖြင့် ကမ္ဘာ့ စံချိန်ချိုးနိုင်ခဲ့သည်။

ထို့အတူ ဧပြီ ၉ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အမျိုးသမီး မီတာ ၄၀၀ အလွတ် တန်း ရေကူးပြိုင်ပွဲတွင် ဇင်ဘာဘွေနိုင်ငံမှ ကီရစ်တီကိုဗင်ထရီက ၄ မိနစ် ၂၇ဒသမ ၂၇စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ ကမ္ဘာ့စံချိန်ချိုးနိုင်သူ ကီရစ်တီကိုဗင်ထရီ။

(၉)ကြိမ်မြောက် ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိသည့် နိုင်ငံ များမှာ အမေရိကန်က ရွှေ ၆၊ ငွေ ၂၊ ကြေး ၁ခုဖြင့်အများဆုံးဖြစ်ပြီး ဩစတြေးလျနိုင်ငံက ရွှေ ၅၊ ငွေ ၆၊ ကြေး ၁ခုတို့ ရရှိထားကြောင်း၊ အင်္ဂလန်နိုင်ငံက ရွှေ ၃၊ ငွေ ၈၊ ကြေး ၅ခုဖြင့် တတိယနေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ပေကျင်းအိုလံပစ်အတွက် မာရသွန်အပြေးသမားများရွေးချယ်

လန်ဒန် ဧပြီ ၁၂

၂၀၀၈ပေကျင်း အိုလံပစ်အတွက် ဗြိတိန်နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် မာရသွန်လူရွေးချယ်ပွဲကို ဧပြီ ၁၂ရက်က လန်ဒန် မြို့၌ မာရသွန်အပြေးပြိုင်ပွဲကျင်းပရာ အမျိုးသား မာရသွန်အပြေး ပြိုင်ပွဲတွင် ဒန်ရိုဘင်ဆင် ရွေးချယ်ခံခဲ့ရသည်။**(အောက်ဝဲပုံ)**

ယုံကြည်

ထို့အတူ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် လီယီ လင်းက ၂ နာရီ ၃၁မိနစ်ဖြင့် ပြေးကာ ပေကျင်းအိုလံပစ်ပွဲတော်





အတွက် ရွေးချယ်ခံရသည်။ အသက် ၃၃ နှစ်အရွယ်ရှိ လီယီလင်း **(အပေါ်ယာပုံ)**က မိမိသည် ပေကျင်းအိုလံပစ်ပွဲတော်၌ အစွမ်းပြနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အောင်မြင်မှု

အမျိုးသားမာရသွန်အပြေးပြိုင်ပွဲ၌ ရွေးချယ်ခံရသော ဒန်ရိုဘင်ဆင်က ပေကျင်း အိုလံပစ်မာရသွန်အပြေးပြိုင်ပွဲ၌ မိမိတို့ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပြောကြား သည်။ **(အင်တာနက်)**

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု စီရိုနယ်ဒိုဆွတ်ခူးရန် ရေပန်းစားနေ

လန်ဒန် ဧပြီ ၁၂

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် ယခုနှစ် ပီအက်ဖ်အေ အကောင်းဆုံး ဘောလုံးသမားဆုဆွတ်ခူးရန် ပဏာမရွေးချယ်ထားသော စာရင်းတွင် ထိပ်ဆုံးမှနာမည် စာရင်းပေါက်နေသူဖြစ်သည်။



ကမ္ဘာ့အကောင်းဆုံး ဘောလုံး သမားဆုဆွတ်ခူးရန် ရေပန်းစားနေ သော မန်ယူမှ စီရိုနယ်ဒို။

အသက်၂၃နှစ်ရှိပြီဖြစ်သော ပေါ်တူဂီ လက်ရွေးစင် ဘောလုံးသမား စီရိုနယ်ဒို သည် ယခုနှစ်ရာသီတွင် စုစုပေါင်း ၃၇ဂိုး သွင်းယူထားသူဖြစ်သည်။

ပါဝင်

အာဆင်နယ်မှ ဖာဘရီဂတ်စ်နှင့် အဒီဘာယောတို့လည်း ထိုဆုအတွက် ပဏာမရွေးချယ်ထားသော စာရင်းတွင် ပါဝင်သည်။ လီဗာပူးအသင်း ခေါင်းဆောင် စတီဗင်ဂျရတ်နှင့် တိုက်စစ်မှူးတောရက်စ် တို့သည်လည်း ယင်းအကောင်းဆုံးဘောလုံး သမားဆု ဆွတ်ခူးရန် နာမည်ကြီးနေသူများ ဖြစ်သည်။

ထို့အပြင် ပို့စ်မောက် ဂိုးသမား ဒေးဗစ်ဂျိမ်းစ်လည်း ပါဝင်သည်ဟုဆိုသည်။

နာမည်စာရင်းပေါက်

စီရိုနယ်ဒို၊ ဖာဘရီဂတ်စ်နှင့် တောရက်စ်တို့သည် ပီအက်ဖ်အေလူငယ် အကောင်းဆုံး ဘောလုံးသမားဖြစ်လာရန် လည်း နာမည်စာရင်းပေါက်နေသူများ ဖြစ် သည်။

စီရိုနယ်ဒိုသည် ယခုနှစ်ကုန်ပိုင်းတွင် ချီးမြှင့်မည့် ဖီဖာ၏အကောင်းဆုံး ဘောလုံး သမားဆု ဆွတ်ခူးရန်လည်း ရေပန်းစား နေသူ ဖြစ်သည်။ ၎င်းအား အကောင်းဆုံး ဘောလုံးသမား ဖြစ်လာပြီဖြစ်ကြောင်း လည်း နည်းပြအတော်များများက အသိ အမှတ်ပြုထားသည်။ (အင်တာနက်)

အင်တာနက်သတင်းအတိုအထွာ

- ■ **မန်ယူအသင်းသည် တိုက်စစ်မှူးစီရိုနယ်ဒိုအား ပေါင်သန်း ၄၀တန် စာချုပ်ချုပ်ဆိုပြီး အင်္ဂလန် ဘောလုံးလောကတွင် ကစားသမားတစ်ဦးအတွက် အမြင့်ဆုံးကြေးဖြစ်သည့် တစ်ပတ်လျှင် လုပ်ခပေါင် ၁၅၀၀၀၀ ပေးရန် စီစဉ်နေသည်။**
- ❖ ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းမှ ဘီလာရစ်ကွင်းလယ်ကစားသမား လက်ဘ်ကို ခေါ်ယူရန် စီစဉ်နေသည်။
- ■ **အက်စ်တွန်ဗီလာအသင်းသည် ချယ်လ်ဆီးအသင်းက စိတ်ဝင်စားနေသော အင်္ဂလန်ကွင်းလယ် ကစားသမား ဂါရက်ဘာရီကို စာချုပ်ချုပ်ဆိုခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။**
- ❖ ဘာစီလိုနာတိုက်စစ်မှူး အွန်နရီက ၎င်းအနေဖြင့် အနာဂတ်တွင် အာဆင်နယ်သို့ ပြန်လာချင် သေးကြောင်း ရင်ဖွင့်ပြောကြားလိုက်သည်။
- ■ **ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်မှ အသက် ၂၂နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လူကာ မော့ဒရစ်သည် နွေရာသီတွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။**
- ❖ နယူးကာဆယ်နည်းပြ ကီဗင်ကီးဂန်းသည် မိုက်ကယ်အိုဝင်အား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခွင့် မပြုဟုဆိုသည်။
- ■ **ပို့စ်မောက်မန်နေဂျာ ဟာရီရက်နက်သည် နယူးကာဆယ်အသင်း၏ နည်းပြလုပ်ရန် ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်။**
- ❖ ရိန်းဂျားစ်နည်းပြ ဝေါ်လ်တာစမစ်သည် ဖူလ်ဟမ်ကွင်းလယ်ကစားသမား စတီဗင်ဒါးဗစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူထားရာမှ အမြဲတမ်း စာချုပ်ချုပ်ဆိုလိုသည်ဟု ဆိုထားသည်။

ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲ ဖီအိုရင်တီးနားနှင့် ရိန်းဂျားစ်တွေ့မည်

ဘရပ်ဆဲလ် ဧပြီ ၁၂

ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဧပြီ ၁၁ရက်က ယှဉ်ပြိုင်ကစား ခဲ့ကြရာ စီးရီးအေကလပ် ဖီအိုရင်တီးနားက အိုင့်ဟိုဗင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်လာသည်။

တက်ရောက်

ထို့အတူ ရုရှားချန်ပီယံ ဇင်းနစ်အသင်းက လေဗာကူဆင်အသင်းကို နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာသည်။

ပထမအကျော့

ဖီအိုရင်တီးနားအသင်းသည် အကြိုဗိုလ်လုပွဲတွင် ရိန်းဂျားစ်အသင်းနှင့် တွေ့မည်ဖြစ် ရာ ပထမအကျော့ပွဲစဉ်ကို ဧပြီ ၂၄ရက်၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇင်းနစ်အသင်းသည် ဂီတာဖေး သို့မဟုတ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ဘာကာတိုက်စစ်မှူး မက်ဆီ ချန်ပီယံလိဂ်ပွဲတွင် ပါဝင်ကစားမည်

မက်ဒရစ် ဧပြီ ၁၂

ဘာကာတိုက်စစ်မှူးလီယွန်နယ်မက်ဆီသည် ဧပြီ ၂၃ရက်တွင် မန်ယူနှင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကစားရာ၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ၎င်း၏ကလပ်က ပြောကြား သည်။

အနားယူ

အသက် ၂၀သာရှိသေးသည့် အာဂျင် တီးနားတိုက်စစ်မှူးမက်ဆီသည် ဒဏ်ရာမှ

ဘာကာတိုက်စစ်မှူး မက်ဆီ။

ပြန်လည်သက်သာ ပျောက်ကင်းလာပြီဖြစ်၍ လာမည့်ပြိုင်ပွဲများတွင် ဘာကာအတွက် ကစားပေးရန် အသင့်ဖြစ်နေပြီဟု ဆိုသည်။ မက်ဆီသည် မတ် ၄ရက်က ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့် ဆဲလ်တစ်နှင့် ကစားစဉ် ခြေချောင်းကြွက်သား အနာ တရဖြစ်ခဲ့၍ ဆေးကုသမှုခံယူ အနားယူနေ ခဲ့ရသည်။

သို့သော်လည်း ဘာကာတွင် နာမည် ကြီး ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟို မှာ ရာသီကုန်သည်အထိ ဒဏ်ရာရထား၍ မကစားနိုင်တော့ဟု ဆိုသည်။

ဒဏ်ရာရရှိ

အသက် ၂၈နှစ်ရှိ ရော်နယ်ဒင်ဟို သည် လွန်ခဲ့သောသီတင်းပတ်က လေ့ကျင့် ရေးကွင်း၌ ခြေချောင်းဒဏ်ရာရရှိခဲ့သည်။

ဘာကာတိုက်စစ်မှူး အွန်နရီနှင့် ဘိုဂျန်ကာကစ်တို့ အတွဲသည် ရှော်လ်ကေး နှင့် ကစားရာတွင် တိုက်စစ်ကို ဦးဆောင် ကစားခဲ့ကြသည်။ ကွင်းလယ်ကစားသမား အင်နီယေစတာမှာလည်း ဒူးခေါင်းဒဏ်ရာ ရရှိထားသည်။

လွဲဖွယ်

ပေါ်တူဂီကွင်းလယ် ကစားသမား ဒေကိုသည်လည်း ပြီးခဲ့သည် လက ခြေသလုံးကြွက်သား ဒဏ်ရာရထား၍ ကုသမှုခံယူလျက်ရှိသည်။ ၎င်းသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်ယှဉ်ပြိုင်ကစားရာတွင်လည်း လွဲချော် ဖွယ်ရှိသည်။ **(အင်တာနက်)**

မာရီယာရှာရာပိုဗာ ကွာတားတက်ရောက်ပြီ

ဖလော်ရီဒါ ဧပြီ ၁၂

ကမ္ဘာ့ထိပ်တန်း တင်းနစ်မယ် မာရီယာရှာရာပိုဗာသည် အမေရိကန်နိုင်ငံ ဖလော် ရီဒါပြည်နယ် အမီလီယာကျွန်း၌ ကျင်းပလျက်ရှိသော အမီလီယာအိုင်းလင်း ချန်ပီယံ ရှစ်ပြိုင်ပွဲတွင် ပြိုင်ဘက် အနာဘယ်မီဒီနာဂါရင်ဂူရက်စ်အား သုံးနာရီကျော် ကစားအပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ (အောက်ဝဲပုံ)

ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ဂါရင်ဂူရက်စ်အား ၇-၆၊ ၅-၇၊ ၇-၆ဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ ရောက်ရှိလာ ခြင်း ဖြစ်သည်။

ယှဉ်ပြိုင်ကစား

ရှာရာပိုဗာသည် ကွာတားဖိုင်နယ် တွင် ပြင်သစ်မှ မော်ရက်စမိုနှင့် လင်ဆေး ဒါဗင်ပို့တ်တို့ထဲမှ အနိုင်ရသူနှင့် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ရုရှားမှ ချာဗီတက်ဗ်ဇီသည် ဆလို ဗက်ကီးယားမှ စီဘူကိုဗာကို နိုင်ခဲ့သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး စုစည်းသည်

13-4 (07).pmd 1 4/13/2008, 1:49 AM

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ရခိုင်ရိုးရာသင်္ကြန် ပျော်ရွှင်စွာဆင်နွှဲ

သတင်း၊မြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဧပြီ ၁၂

မြန်မာလူမျိုးတို့၏ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသော သင်္ကြန်အကြိုနေ့ စပါပြီ။ ရခိုင်ရိုးရာသင်္ကြန်ဖြစ်မြောက်ရေးကော်မတီ (ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် ၂၀၀၈ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်ကွင်းတွင် ယနေ့သင်္ကြန်အကြိုနေ့ နံနက် ၉နာရီက သင်္ကြန်ဖွင့်ပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ ကျင်းပသည်။

၂၀၀၈ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ဖြစ်မြောက်ရေးကော်မတီ (ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသန်းမောင်(စစ်တွေ)နှင့် ဒေါ်စောခင်တင့်တို့အား တွေ့ဆုံ၍ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ ဖော်ပြလိုက်ရပါသည်။

ဘုရားရေသပ္ပာယ်

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးတို့က ဘုရားရေသပ္ပာယ် ကြည်ညိုကြစဉ်။

မြန်မာ ယဉ်ကျေးမှု

“မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှု တစ်ခု ကမ္ဘာက သိရှိလာနိုင်အောင် ရည်ရွယ်ချက်နဲ့ ပြုလုပ်တာဖြစ်ပါတယ်”

ဦးသန်းမောင်(စစ်တွေ)
ဒုတိယဥက္ကဋ္ဌ
ရခိုင်ရိုးရာသင်္ကြန်
ဖြစ်မြောက်ရေး
ကော်မတီ

ဆက်လက်ထိန်းသိမ်း

“ရခိုင်ရိုးရာသင်္ကြန်ဆိုတာ ရခိုင်ပြည်နယ်မှာ သင်္ကြန်ပွဲတော်ရောက်တိုင်း ရေပက်ကစားတဲ့ အစဉ်အလာတစ်ခုပါပဲ၊ အခုဆိုရင် မြန်မာ့သင်္ကြန်ဆိုတဲ့ အနေအထားကနေ အခြားနိုင်ငံတွေကလဲ ထလုပ်လာတယ်။ အရင်ကတစ်ရက်နှစ်ရက် လုပ်ရာကနေ အခုသင်္ကြန်ကိုလနဲ့ချီပြီး စီးပွားရေးသင်္ကြန်လိုလုပ်နေကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုခိုးယူခံရတော့မလို ဖြစ်နေပါတယ်။ မူပိုင်ရိုးရာ ယဉ်ကျေးမှုတွေကို မထိန်းသိမ်းနိုင်ရင် မြန်မာ့သင်္ကြန်ကို ကမ္ဘာကသိရှိမှာမဟုတ်တော့ဘဲ သူများကို လက်လွှဲရသလိုမျိုး ဖြစ်လာပါမယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာ ရခိုင်သင်္ကြန်ကို မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတစ်ခုလို့ ကမ္ဘာက သိရှိနေအောင်ရယ်၊ နောင်လာနောက်သားများလည်း သိရှိပြီး ဆက်လက်ထိန်းသိမ်းလာနိုင်အောင် ရည်ရွယ်ချက်နဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်”ဟု ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(စစ်တွေ) က ရှင်းလင်းပြောကြားခဲ့သည်။

လှေလောင်း

‘လှေလောင်းဟာ ရခိုင်တို့ရဲ့ အသက်သွေးကြောလို ဖြစ်နေတာမို့ လှေလောင်းကို ဂုဏ်ပြုတာပါ’

ဒေါ်စောခင်တင့်
(ဒုတိယဥက္ကဋ္ဌ)
ရခိုင်ရိုးရာသင်္ကြန်
ဖြစ်မြောက်ရေး
ကော်မတီ

ရေကစား

“ရခိုင်ဆိုတာ ပင်လယ်ကမ်းခြေကိုမှီပြီး လခြမ်းသဏ္ဌာန်ရှိတဲ့ ရခိုင်ကမ်းရိုးတန်းဆိုတော့ ရေ၊ ပင်လယ်၊ မြစ်ချောင်းဟာ ရခိုင်လူမျိုးတို့ရဲ့ အသက်ပဲ ဖြစ်ပါတယ်။ ခရီးသွားလာရင်လည်း လှေလောင်းဟာ အဓိကပါ၊ အလုပ်လုပ်ရင်လည်း လှေလောင်းဟာ အဓိကပါ။ လှေဟာ ရခိုင်တို့ရဲ့ အသက်သွေးကြောလို ဖြစ်နေပါတယ်။ ဒါကြောင့် လှေကို ဂုဏ်ပြုတဲ့အနေနဲ့ လှေကိုကုန်းပေါ်တင်ရေဖြည့်ပြီး သင်္ကြန်ပွဲတော်မှာ စည်းလုံးချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ လှေလောင်းထဲ ရေထည့်ပြီး ရေကစားကြတာ ဖြစ်ပါတယ်”ဟု ရခိုင်ရိုးရာသင်္ကြန် ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်စောခင်တင့်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသွားခဲ့သည်။

ရေသပ္ပာယ်

သင်္ကြန်ဖွင့်ပွဲတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးတို့ တက်ရောက်ပြီး ဘုရားရေသပ္ပာယ် ကြည်ညိုကြသည်။ ရခိုင်ရိုးရာ မောင်မယ်များကလည်း အဖွဲ့လိုက် တူညီဝတ်စုံများဖြင့် ရိုးရာ အကပဒေသာများ ကပြဖျော်ဖြေပြီး ဘုရားရေသပ္ပာယ်ကြည်ညိုကြသည်။

တပျော်တပါး

ရခိုင်မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများကို ကိုယ်စားပြုသော လှေလောင်းနှင့် ရေလောင်းမည့်မဏ္ဍပ် ၁၁ခုတို့က သင်္ကြန်အကျနေ့ (၁၃-၄-၂၀၀၈) ရက်မှ သင်္ကြန်အတက်နေ့ (၁၆-၄-၂၀၀၈) ရက်အထိ ရခိုင်ရိုးရာ လှေလောင်းထဲ ရေထည့်ကစားသည့် ရေကစားပွဲတော်ကို ပြည်သူများနှင့်အတူ တပျော်တပါး ဆင်နွှဲမည်ဖြစ်ကြောင်း ကွင်းဆင်းမေးမြန်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

● ကျောဖုံးမှ

စတင်နွှဲပျော်

ရန်ကုန်မြို့တွင် နေရာအနှံ့ ရေကစားမဏ္ဍပ်များ၌ ဧပြီ ၁၂ရက် (သင်္ကြန်အကြိုနေ့)မှ စတင်ကာ သင်္ကြန်ပွဲတော်ကို စတင်နွှဲပျော်နေကြပြီဖြစ်ရာ ရန်ကုန်မြို့ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ AC မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ရက် ညနေ ၃နာရီ၌ စတင်ဖွင့်လှစ်ပေးလိုက်ရာ ရေကစားသူများက စတင်ရေကစားကြပြီဖြစ်သည်။

AC မဏ္ဍပ်တွင် သရုပ်ဆောင်နှင့် အဆိုတော်ရဲလေး၊ ထွန်းထွန်းတို့ အပါအဝင် ဂီတအနုပညာရှင်များက သင်္ကြန်ပွဲတော်ရက်များအတွင်း နေ့စဉ်ဖျော်ဖြေကြမည်ဖြစ်ပြီး Uraniun အကအဖွဲ့ကလည်း ကပြဖျော်ဖြေကြမည်ဖြစ်သည်။ AC မဏ္ဍပ်တွင် တေးသီချင်းများသီဆိုကာ ရေကစားနေသော သရုပ်ဆောင်နှင့်အဆိုတော်ရဲလေးနှင့်တွေ့ဆုံရာ “ကျွန်တော် ဒီမဏ္ဍပ်မှာ သင်္ကြန်ပွဲတော်ကာလ နေ့တိုင်းရှိနေမယ်။ နေ့တိုင်းရေကစားမယ်၊သီချင်းတွေဆိုမယ်။ သင်္ကြန်မှာ ပျော်ကြမယ်” ဟု ပြောကြားသွားသည်။ AC မဏ္ဍပ်ရှေ့တွင် ရေပက်



သင်္ကြန်အကြိုနေ့က တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် မယ်ဒီလုံးမဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

ခံသူများ၊ ရေပက်ခံကားများနှင့် စည်ကားလျက် ရှိနေသည်။

ဖုံးလွှမ်း

ထို့အတူ တက္ကသိုလ်ရိပ်သာလမ်းတွင် Club 6 မဏ္ဍပ်၊ ရန်ကုန်အဲဝေးမဏ္ဍပ်များနှင့် ရေပက်မဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေကစားနေကြပြီဖြစ်ရာ အားလုံးမျက်နှာတွင် သင်္ကြန်အပျော်များ ဖုံးလွှမ်းလျက်ရှိသည်။

တစ်ဖန် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ALPINE ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ALPINE ကုမ္ပဏီဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းတို့ကဖွင့်လှစ်ပေးလိုက်ရာ ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ ထွန်းအိန္ဒြာဗိုနှင့် ရုပ်ရှင်အနုပညာရှင်များက Iron Cross တေးဂီတအဖွဲ့နှင့်အတူ တီးခတ်သီဆို ဖျော်ဖြေကြပြီး လုပျိုဖြူများက အကများဖြင့် ကပြဖျော်ဖြေကြသည်။

အားပေးကြည့်ရှု

ALPINE မဏ္ဍပ်၌Iron Cross တေးဂီတ အဖွဲ့နှင့်အတူ R ဇာနည်၊ ဝိုင်ဝိုင်းတို့ အပါအဝင် နာမည်ကြီး အဆိုတော်များက သီဆိုဖျော်ဖြေကြသဖြင့် ကမ္ဘာအေးစေတီလမ်းမကြီးသည် ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှု လာရောက်အားပေးကြည့်ရှုသူများနှင့် ပြည့်ကျပ်စည်ကားလျက်ရှိသည်။

ALPINE မဏ္ဍပ်၌ ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် လွင်မိုး၊ ခန့်စည်သူ၊ အရိုင်း၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်တို့လည်း လာရောက်ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။ မဏ္ဍပ်ပေါ်၌ သီချင်းသီဆိုပြီး ထွက်ပေါ်လာသော ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုနှင့် တွေ့ဆုံခဲ့ရာ “ဒီသင်္ကြန်မှာတော့ သင်္ကြန်အကြိုနေ့ကစပြီး ဧပြီ ၁၄ရက် (ပထမသင်္ကြန်အကြတ်နေ့)အထိ ဒီမဏ္ဍပ်မှာ ရှိနေမှာပါ။ သီချင်းလည်းဆိုမယ်၊ ရေလည်းကစားမယ်” ဟု ပြောကြားသည်။

စိတ်ကြည်နူး

ကမ္ဘာအေးစေတီလမ်းတွင် ရေကစားကြသူများ၊ ရေပက်ခံထွက်သည့် ကားများဖြင့် သင်္ကြန်ပွဲကို ဆင်နွှဲနေကြသည်မှာ ပြည့်ကျပ်လျက်ရှိသည်။ ရေပက်ခံထွက်ကြသူများမှာ မျက်နှာဖုံးရုပ်ပြောင်များ၊ မျက်နှာတွင် အရောင်မျိုးစုံခြယ်သထားသူများနှင့် ရေကစားမဏ္ဍပ်များရှေ့တွင် မြူးကြွသောတီးလုံးများနှင့်အတူ ပျော်ရွှင်စွာ ကနေသူများကိုကြည့်ကာ သင်္ကြန်အပျော်များကို ကြည်နူးဖွယ် မြင်တွေ့ရသည်။

ထို့အတူ ရန်ကင်းမြို့နယ် စက်မှု(၁) လမ်းရှိ ရေကစားမဏ္ဍပ်၌လည်း ဧပြီ ၁၂ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲပိုင်းမှ စတင်ကာ ရေကစားနေကြပြီဖြစ်ရာ ရေပန်းအားကောင်းသော ပိုက်များဖြင့် ရေပက်ဖျန်းနေကြသည်မှာ ရေပက်ခံရသူများ ကျောကော့အောင် ခံစားရသည့် မြင်ကွင်းများလည်း မြင်တွေ့ရသည်။ မဏ္ဍပ်ပေါ်၌ လုပျိုဖြူလေးများက ရေပိုက်လေးများဖြင့် ရေပက်နေကြရာ ရေပက်ခံကားများကလည်း စနစ်တကျ တန်းစီကာ ရေပက်ခံနေကြသည်ကို တွေ့ခဲ့ရသည်။

စည်ကား

ထို့အပြင် ကမာရွတ်မြို့နယ် အင်းလျားလမ်းသည် မဏ္ဍပ်အများဆုံးနှင့် လူအစည်ကားဆုံးပင်ဖြစ်သည်။ အင်းလျားလမ်းမတစ်လျှောက်တွင် ရေကစားမဏ္ဍပ်ပေါင်း ၆၀ခန့်ရှိရာ ဧပြီ၁၂ရက်မွန်းလွဲပိုင်းမှ စတင်ကာ ရေကစားကြပြီဖြစ်ရာ ရေပက်ခံကားများ ပြည့်ကျပ်နေသည်။ လမ်းဘေး ဝဲယာတွင်လည်း အဆာပြေစားသောက်နိုင်ရန် ဆိုင်လေးများကလည်း စီတန်း ရောင်းချနေရာ သင်္ကြန်ပျော်တို့အတွက် အကြိုက်ပင်ဖြစ်သည်။

အင်းလျားလမ်း တစ်လျှောက်တွင် မဏ္ဍပ်တိုင်း ရေပိုက်များဖြင့် ရေပက်ဖျန်းလျက်ရှိပြီး မြူးကြွသောတေးဂီတ သံစဉ်များဖြင့် သီဆိုဖျော်ဖြေကာ သင်္ကြန်ပွဲတော်ကို နွှဲပျော်နေကြသလို ရေပက်ခံထွက်သူများကလည်း ဝက်ဝက်ကွဲ ပါဝင်ဆင်နွှဲနေကြသဖြင့် ပျော်ရွှင်ဖွယ်အတိ မြင်ကွင်းပင်ဖြစ်သည်။

စနစ်တကျ

တစ်ဖန် ကန်တော်ကြီးပတ်လမ်းနှင့် ဖိုးစိန်လမ်းထောင့်တွင်ရှိသော ရေကစားမဏ္ဍပ်၌လည်း ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲပိုင်းမှ စတင်ကာ ရေကစား နေကြသလို အဆိုတော် အဲလက်စ်နှင့် တေးဂီတအနုပညာရှင်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေလျက်ရှိသည်။ ရေပက်ခံကားများက စနစ်တကျဖြင့်မော်တော်ယာဉ်တစ်စီးချင်း ရေပက်ခံကြသည်မှာလည်း အန္တရာယ်ကင်းစွာ တွေ့ရသည်။

ဧပြီ ၁၂ရက်သည် သင်္ကြန်အကြိုနေ့ဖြစ်သဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်စေတီ၊ မဟာဝိဇယစေတီနှင့် ကျိုက်ဝိုင်းစေတီများတွင်လည်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ရေပက်ဖျန်း

သင်္ကြန်ပွဲတော်ကား လူကြီးလူငယ်မရွေး ပျော်ရွှင်ကြည်နူးရသည့် ပွဲတော်၊ တစ်ဦးနှင့်တစ်ဦး ရွှင်မြူးစွာ အတာရေပက်ဖျန်းရသည့်ပွဲတော်လည်း ဖြစ်ရာ ယခုနှစ် သင်္ကြန်ရေသဘင်ပွဲတော်ကား ခြိမ့်ခြိမ့်သဲဆင်နွှဲနေပြီ ဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရေကစား

သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ တုန်းတာကုမ္ပဏီ ရေ က စား မဏ္ဍပ်တွင် ရေပက်ခံကားများဖြင့် ပျော်ရွှင်စွာ ရေကစား နေကြစဉ်။

(က-ပ)

၁၃၆၉ ခုနှစ် လတန်ခူးရဲ့ ကြည်နူးဖွယ် အတာရေသဘင်ပွဲတော် သင်္ကြန်အကြိုနေ့ မြင်ကွင်း

သင်္ကြန်အကြိုနေ့က ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း၌ ရေပက်ခံသူများ၊ ရေပက်သူများဖြင့် ဤသို့ စည်ကားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

သင်္ကြန်အကြိုနေ့က အင်းလျားလမ်းတစ်လျှောက် ရေပက်ခံကားများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။ (မြန်မာ့အလင်း)

သင်္ကြန်အကြိုနေ့က သင်္ကြန်လှပျိုဖြူလေးများ၏ အက၊ အလှ။ (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း-တင်စိုး နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

သင်္ကြန်အကြိုနေ့က ကမ္ဘာအေးဘုရားလမ်း၌ ရေပက်ခံသူများ၊ ရေပက်သူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။ (မြန်မာ့အလင်း)

သရုပ်ဆောင်များ သီဆိုဖျော်ဖြေ

သင်္ကြန် အကြိုနေ့က ရုပ်ရှင် သရုပ်ဆောင်များက ALPINE ရေကစားမဏ္ဍပ်တွင် ဤသို့ လာရောက်သီဆိုဖျော်ဖြေခဲ့ကြသည်။ (မြန်မာ့အလင်း)

ချမ်းမြေ့ပါစေ သင်္ကြန်ရေ

ရှိန်အောင်ဗိုလ်

သင်္ကြန်တန်ခူး၊ နှစ်ဦးညောင်ရေ၊ စာပုလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး၊ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်၊ ဤသို့ယှဉ်သား၊ အစဉ်ပြုမြဲ၊ ဆယ့်နှစ်ပွဲတည်း။

ဟူသောစာဆိုရှင် လက်ဝဲသုန္ဒရ၏ သာဓိနပျို့နှင့်အညီ တန်ခူးလချိန်ခါရောက်ပြန်ပြီမို့၊ သင်္ကြန်ရေသဘင်ပွဲ ဆင်နွဲကြရချေဦးမည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းနှင့်အတူ အကုသိုလ်အညစ်အကြေးမှန်သမျှကို အေးမြသောသင်္ကြန်ရေဖြင့် ဆေးကြောသုတ်သင်ကာ နှစ်သစ်မင်္ဂလာကိုရယူကြသည့် သင်္ကြန်ပွဲတော်ဟုလည်း ဆိုနိုင်ပေသည်။

သရေခေတ္တရာ၊ ပုဂံခေတ်များကပင် သင်္ကြန်ကျခြင်းနှင့် နှစ်သစ်ကူးခြင်း သုံးမျိုးသုံးစားရှိကြောင်း သိရသည်။ ဝါဆိုလနှင့် တန်ဆောင်မုန်းလတွင် ပြုလုပ်သော သင်္ကြန်ကျခြင်းနှင့် နှစ်သစ်ကူးခြင်းတို့ကို မန္တတာနှစ်နှင့် သာလိဝါဟနှစ်ဟူ၍လည်းကောင်း၊ တန်ခူးလတွင် သင်္ကြန်ကျ၍ နှစ်ကူးမှုကို အာဒိတျနှစ်ဟူ၍လည်းကောင်း ခေါ်တွင်ပေသည်။ ယခုအခါ၌ မန္တတာနှစ်နှင့် သာလိဝါဟနှစ်များ တိမ်ကောပျောက်ကွယ်လျက် တန်ခူးလတွင် ကျင်းပသည့် အာဒိတျ နှစ်တစ်ခုတည်းသာ ထင်ရှားလျက်ရှိပေတော့သည်။

သင်္ကြန်ဟူရာတွင်လည်း စူဠဝိသုဝသင်္ကြန်နှင့် မဟာဝိသုဝသင်္ကြန်ဟူ၍ နှစ်မျိုးရှိ၏။ အထက်ကဖော်ပြခဲ့သည့် ဝါဆိုလနှင့်တန်ဆောင်မုန်းလများတွင် ပြုလုပ်သောပွဲကို စူဠဝိသုဝသင်္ကြန်ဟုခေါ်ကာ တစ်နှစ်တွင်တစ်ကြိမ်ကျပြုလုပ်သောသင်္ကြန်ပွဲကိုမူကား မဟာဝိသုဝသင်္ကြန်ဟူ၍ ခေါ်ဆိုပညတ်ကြလေသည်။ ထိုတွင် သင်္ကြန်ဟူသောအဓိပ္ပာယ်နှင့်ပတ်သက်ပြီး သင်္ကြန်-သင်္ကန္တ-သီသကရ၊ အန္တပုဒ်ဖြတ်ကာ သီသဦးခေါင်း-ကရပြုခြင်း-အန္တအဆုံး၊ သီသကရ-အန္တ သင်္ကြန်၊ သင်္ကန္တသက္ကရာဇ်၏ ဦးခေါင်းအဆုံးတို့ပြုခြင်းဟု အနက်ပေးရကြောင်း ကျမ်းတွင် လာရှိပါသည်။

အချို့ပညာရှင်များက သင်္ကြန်ဟူသော စကားသည် သင်္ကန္တဟူသော သက္ကတပုဒ်မှပြောင်းလဲလာသည်ဟု ဝေါဟာရတ္ထပကာသနီကျမ်းနှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်းအရ ဖွင့်ကြသည်။ အချို့ကမူ သင်္ကန္တပုဒ်၏ အဓိပ္ပာယ်အတိုင်း ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဖြစ်သည်ဟု ဆိုပေသည်။ မည်သို့ပင်ဆိုစေ ယင်းအဆိုများအားလုံးသည် တန်ခူးလကို အကြောင်းပြုပြီး ပေါ်ပေါက်ခဲ့ရသော ကူးပြောင်းသည့်အဆိုများဖြစ်၍ သင့်မြတ်လှသော အယူအဆများဖြစ်ပါသည်။

ထိုတစ်နှစ်ပြည့်မြောက်သဖြင့် ရှေးရှေးအခါက သူတော်ကောင်းတို့သည် ငါ၏အသက်ကား တစ်နှစ်တိုး၍ လာလေသည်။ ထိုနှစ်အတွင်း၌ ငါ၏အဖို့ ကုသိုလ်ကောင်းမှု မည်မျှလောက် ပြုခဲ့ပါသနည်း။ မကောင်းမှုဆိုအပ်သော အကုသိုလ် မည်မျှပြုလုပ်ခဲ့ပါသနည်းစသည်ဖြင့် ပြီးဆုံးခဲ့သည့်နှစ်အဖို့ကုသိုလ်၊ အကုသိုလ်အတွက် စစ်ဆေးကာ ကုသိုလ်ပြုခဲ့သည်က နည်းခဲ့လျှင် ထိုသင်္ကြန်အတွင်းတွင် ဖြည့်စွက်၍ ကုသိုလ်ပြုကြစမြဲဖြစ်ချေသည်။ ရှေးမြန်မာ လူကြီးသူမတို့၏ နှစ်လိုဖွယ်ရာဖြစ်သော မင်္ဂလာနှင့်အညီ ဆောင်ရွက်တတ်ကြသည့် မြန်မာ့မဟာသင်္ကြန်အခါ၏ ကောင်းမြတ်သော အမူအကျင့် အလေ့အထ တစ်ခုပင် ဖြစ်သည်။

သင်္ကြန်ရေသဘင်ပွဲနှင့် ပတ်သက်၍ ဗဟုသုတဖြစ်စရာတစ်ရပ် ရှိချေသေး၏။ **"ရေသဘင်အစ-ဒေဝဒဟက"**ဟု ရှေးစာဆိုရှင်များက မိန့်ဆိုခဲ့ကြပါသည်။ ရှင်တော်ဂေါတမမြတ်ဘုရားအား မွေးဖွားရာဖြစ်သော ကပိလဝတ်ပြည်နှင့် ကောလိယ၏အကြား နှောင်တွင် ဒေဝဒဟပြည်ဟု ခေါ်တွင်မည့် နေရာ၌ ကြီးကျယ်ခမ်းနားသော နတ်ရေကန်ကြီးတစ်ကန် တည်ရှိနေပေသည်။ ကပိလဝတ်ပြည်မှ မင်းသားမင်းသမီးများနှင့် ကောလိယပြည်မှ မင်းသားမင်းသမီးများသည် အဆိုပါနတ်ရေကန်သို့လာရောက်ကြပြီး ရေကစားကြရာမှ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ချစ်ခင်ရင်းနှီး ဆက်သွယ်ကာသွားကြလေတော့သည်။ ရေဖြင့်ပေါင်းကူးပေါင်းစပ်ကစားကြခြင်းကို အကြောင်းပြုပြီး **"ရေသဘင်အစ-ဒေဝဒဟ"**ဟု အဆိုရှိပုံရသည်။

ထို့နောက်တွင်ကား မြန်မာနိုင်ငံဘက်ဆီသို့ ထိုအလေ့အထများကူးစက်လာသည်ဟု ဖော်ပြရေးသားထားသည်ကို ဖတ်ရှုရသည်။ ထိုမှသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့သည် ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို မြတ်နိုးခင်တွယ်နှစ်သက်ကြသည့်အလျောက် နှစ်စဉ် တန်ခူးလရောက်တိုင်း ရေသဘင်ပွဲကို ရှေးနည်းတူဆင်နွှဲပြီး နှစ်သစ်ကို ကြိုဆိုခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်လေသည်။ ရိုးရာအစဉ်အလာဖြစ်သည့် ရေသဘင်ပွဲတော်ကို ဆက်လက်ထိန်းသိမ်းသွားရေးမှာလည်း ကိုယ်စီတာဝန်ရှိပေသည်။

သည်နှစ်မှာဆိုလျှင် ရေသဘင်ပွဲ ဆင်နွှဲခရီးသွား ပျော်ပျော်ပါးပါး ရေကစားကြလိုသူများ ရှေးကနှင့်မတူ တမူထူးပျော်ရွှင်စေနိုင်သည့် ရန်ကုန်သင်္ကြန်၊ မန္တလေးသင်္ကြန်သာမက နေပြည်တော်သင်္ကြန် ရေသဘင်ပွဲတော်ကိုပါ တစ်ချိန်တည်း သွားရောက်ဆင်နွှဲ ကစားနိုင်ကြပြီမို့ ပိုမိုစိတ်ချမ်းသာကြမည်ဖြစ်ပါသည်။

နှစ်စဉ်သင်္ကြန်ပွဲတော်တွင် လူငယ်တို့သဘာဝအတိုင်း ကခုန်မြူးထူး၊ ရေသဘင်ပွဲ ဆင်နွှဲနေချိန် ကျန်တစ်ဖက်တွင်လည်း လူကြီးသူမတို့ ဦးဆောင်ပြီး ဘာသာရေးအရ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ကြခြင်း၊ ရတနာသုံးပါး ဆည်းကပ်၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ ရှင်ပြုပဉ္စင်းတော်ခံ၊ ဘာဝနာပွား၊ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုကိုလည်း အလေးထားပြုလုပ်တတ်ကြ၏။

အထူးအားဖြင့်ဆိုရပါမူ မြန်မာ့မဟာသင်္ကြန်တွင် နိုင်ငံတော်အစီအစဉ်ဖြင့် နိုင်ငံတကာ သံအရာရှိများ၊ တိုင်းတစ်ပါး နိုင်ငံခြားသားများ၊ သံတမန်ဝန်ထမ်းများ၊ မိသားစုများပါမကျန် သင်္ကြန်ပွဲပါဝင်ဆင်နွှဲနိုင်အောင်ဆောင်ရွက်ပေးမှုကြောင့် မြန်မာတို့၏ယဉ်ကျေးမှု၊ မြန်မာတို့၏ အစဉ်အလာအတွင်း အဖျော့တ္တသဏ္ဍာန်မှာ သဘောထားဖြူစင်အေးမြသန့်စင်သည့် နှလုံးသားရှိကြောင်း ပြသရာရောက်ပေသည်။

အမှန်မှာလည်း မြန်မာ့ရိုးရာသင်္ကြန်ရေသည် ထူးသည်ဆန်းသည်၊ အပူကိုလည်းနိုင်၏၊ အအေးကိုလည်းနိုင်၏၊ ကစားကြသူတို့ရောဂါဘယမဝင်အောင်လည်း တားဆီးပေးနိုင်၏။ သို့သော် ကစားမှုလွန်ကဲခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှီဝဲကစားခြင်းမျိုးတို့ကိုကား ရှောင်ကြဉ်အပ်ပေသည်။ လွန်လျှင်ဘေးဖြစ်နိုင်သည်။

မြတ်နိုးနှစ်သက်ဖွယ်ရာကောင်းလှသော မြန်မာ့ရိုးရာ သင်္ကြန်ရေသဘင်ပွဲကို အရုပ်ဆိုးအကျည်းမတန်စေသင့်ပါ။ သရုပ်ပျက် ဆင်ယင်ထုံးဖွဲ့ ပြောဆိုရိုင်းစိုင်းကြမ်းတမ်းမှု၊ အမူအရာဖြင့်လည်း မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို မန္ဒမ်းစေသင့်ပါ။ အဘယ့်ကြောင့်ဟူမူ ယခုလို ရေသဘင်ပွဲမျိုးမှာ ပျော်ပွဲသဘင်မှ ငိုပွဲသဘင်ဖြစ်ရသော ရှေးသာဓကများစွာ ရှိခဲ့ဖူး၏။ နှစ်စဉ်လိုလို အနည်းနှင့်အများ ပေါ်ပေါက်တတ်သည့် သဘောလည်းရှိ၏။ ထို့ကြောင့် အစဉ်အလာကောင်းနှင့် ယှဉ်ပြီး နှစ်စဉ်မပျက် ဆောင်ရွက်ခဲ့ကြသည့် ယခုနှစ်သင်္ကြန်ပွဲတော်ကြီးကို ကစားကြသူများ၊ မိဘ မောင်ဘွားများ၊ တာဝန်ယူရသူအားလုံး စုပေါင်းထိန်းသိမ်းသွားကြဖို့ လိုအပ်ပေသည်။

သင်္ကြန်တော်အခါရက်အတွင်း ရှောင်ကြဉ်ဖွယ်ရာ ဆယ်ဖြာကိုလည်း တင်ပြလိုပေသည်။

"မင်္ဂလာစကား၊ လင်္ကာကြားအံ့၊ ကြောင်းလျားစုံစေ့၊ သင်္ကြန်နေ့တွင်၊ မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာကား၊ မသာနလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊ ကာမအရာ၊ မေထုနာနှင့် ပါဏာသတ်ပုတ်၊ သောက်ထုတ်သေရက်၊ မျက်ထွက်မာန၊ ပဋိဃနှင့် ဒေါသမလွတ်၊ ဆီပွတ်လိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်း၊ အရောင်းအဝယ်၊ ဤတစ်ဆယ်ကို လူ့နယ်လူ့ခွင်၊ လူကိုစင်ထား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ မပြုရရှာ၊ ရှောင်ကြဉ်ရာဟု၊ ကျမ်းလာသောအား၊ လင်္ကာကြားသည်၊ ဤကားသင်္ကြန်အလိုတည်း"ဟု ဟံသာဝတီဦးဘရင်၏ ရှေးထုံးစဉ်လာတွင် ဖော်ပြပါရှိလေသည်။

မြန်မာတို့ ရှေးအစဉ်အဆက်ကပင် ရိုးရာသင်္ကြန်ပွဲတော်ကို အလေးထားတန်ဖိုးထားခဲ့ကြပါသည်။ မြတ်သောအကျင့်နှင့် ယှဉ်တွဲပြီး အစဉ်အလာကောင်းအောင်လည်း ထိန်းသိမ်းခဲ့ကြပါသည်။ သို့ဖြစ်၍ မင်္ဂလာ အပေါင်းနှင့်ညီညွတ်စေသည့် ယခုနှစ်သင်္ကြန်ကိုလည်း **"ချမ်းမြေ့ပါစေ သင်္ကြန်ရေ"** ဟူသော အဓိပ္ပာယ်ပေါ်လွင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

သစ်ထူးရှင်မြူး နှစ်ဦးချိန်ခါ

* ဟိုမှာကြည့်လည်း ထိန်ထိန်ဝါ
သည်မှာကြည့်လည်း ထိန်ထိန်ဝါ
ပိတောက်အလည်လာ
မွှေးရနံ့ဖြာ ရွှေရည်ဆမ်း
နွေဦးစည့်သည်ပန်း။

* သူ့မျက်နှာလည်း ပြုံးပန်းဆင်
ကိုယ့်မျက်နှာလည်း ပြုံးပန်းဆင်
သွန်းဖျန်းကြရေစင်
ကြည်သာပျော်ရွှင် ချိန်ခါထူး
မြန်မာ့နှစ်သစ်ဦး။

* သူ့ရပ်မှာလည်း စည်ကားစွာ
ကိုယ့်ရပ်မှာလည်း စည်ကားစွာ
နွဲကြနှစ်တိုင်းသာ
စုပေါင်းညီညာ ကျင်းပမြဲ
သက်ကြီးပူဇော်ပွဲ။

* ဟိုဘက်မှာလည်း ဆူဆူညံ
ဒီဘက်မှာလည်း ဆူဆူညံ
အိုးစည် ဒိုးပတ်သံ
မြူးကြွဟန်ပန် ကခုန်ကြ
နှစ်သစ် တန်ခူးလ။

* သူ့ရပ်မှာလည်း ဒါနရှင်
ကိုယ့်ရပ်မှာလည်း ဒါနရှင်
စိတ်ရင်းဖြူဖြူစင်
မြတ်နိုးခုံမင် ကိုယ့်ဓလေ့
ရင်မှာလွန်ချမ်းမြေ့။ ။

မောင်မောင်မိုးအောင်

ဒဂုံမြို့သစ်(တောင်ပိုင်း) သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက်
ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၂

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးဒေါင့်ကန်) သီရိဂုဏ်ဝေဓမ္မဗိမာန် ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် ဗိုလ်ကြီးခင်အောင်(ငြိမ်း)အား ရည်စူး၍ ဒေါ်သိန်းရွှေ ၄/၅/၁၅ မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးခင်မောင်သန်း(ငြိမ်း)-ဒေါ်စန်းစန်းအိ ၂/၅/၅ မိသားစုက ငွေကျပ်တစ်သိန်းခုနစ်သောင်းကို အရှင်ပညာသီဟာဘိဝံသ (ပဉ္စနိကာယ်)ထံတွင် ရေစက်ချ တရားနာကြားပြီး လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းကျောင်းတိုက်သည် တိုင်းရင်းသား ကိုရင်ငယ်များအား ပိဋကတ်စာပေ သင်ကြားပေးခြင်း၊ စစ်မှုထမ်းဟောင်း သက်ကြီး ရွယ်အိုများအား ဝိပဿနာတရားကို စရိတ်ငြိမ်း အားထုတ်စေခြင်းတို့ကို ဆောင်ရွက်ပေးသည်။

လှူဒါန်းနိုင်

ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုသူများသည် ဖုန်း-၅၉၉၀၅၄၊ ၅၉၉၀၆၄၊ ၀၉-၅၁-၅၁၅၁၄နှင့် ၅၆၄၃၆၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနှစ်ဦး အလှထူး

* မြန်မာနှစ်ဦး ၊ လတန်ခူး
အလှထူး ၊ ဒို့မြန်ပြည်
သပြေတစ်ခက် ၊ ရွှေလက်နဲ့
ရေပက်ကာရွှင်မြူး…။

* သည်တန်ခူး ၊ ရည်စူး
ကြည်နူးကြ ၊ ပျော်ပျော်သာ
အခါကနှစ်ဆန်း ၊ လကလည်းရွှင်လန်း
ပွင့်လန်းတဲ့ ၊ ရွှေရည်ပိတောက်
နေခြည်မှာ ၊ ရွှေရည်ဝင်း
အဆင်းလှလှ ၊ အချင်းလှလှ
သင်းမြမြမွှေး ၊ ကေသာမှာနေရာယူပေါ့
အရွယ်သင့် အရွယ်ငယ် ၊ ထည်ထည်ဝါပန်ဆင်ကြ
မြန်မာ့ခင်အလှ ၊ ကမ္ဘာတစ်ခွင်မက
အစဉ်အလေးပြု ၊ ယဉ်ကျေးမှုမြန်မာ့ဟန်
သက္ကရာဇ်ကူး ၊ အခါသမယမှာဖြင့်
နှစ်ဦးအတာ ၊ မြန်မာအလှဆိုတာ
အို….ကမ္ဘာကအသိ။ ။

သူဇာနွယ်(ဖျာပုံ)

အောင်ပွဲရ မန္တလေးတိုင်း ခြင်းလုံးအသင်းများအား
မန္တလေးအသင်း(ရန်ကုန်)က ဂုဏ်ပြု

ရန်ကုန် ဧပြီ ၁၂

၂၀၀၈ခုနှစ် ပြည်နယ်နှင့် တိုင်းခြင်းလုံးပြိုင်ပွဲတွင် အမျိုးသား၊အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံး ဗိုင်းဆုရရှိခဲ့သော မန္တလေးတိုင်း အမျိုးသား၊ အမျိုးသမီးခြင်းလုံးအသင်းများအား မန္တလေးအသင်း(ရန်ကုန်)က ဂုဏ်ပြုပွဲကို ဧပြီ ၈ရက် မွန်းလွဲ ၂နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမဆောင်တွင် ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးမြသောင်းက ဂုဏ်ပြု ချီးကျူးစကားပြောကြားပြီး မန္တလေးတိုင်း အမျိုးသားအသင်းအုပ်ချုပ်သူ ဦးမြတ်သူ၊ အမျိုးသမီးအသင်းအုပ်ချုပ်သူ ဦးဇော်မောင်မောင်မြင့်တို့က ပြိုင်ပွဲအတွေ့အကြုံများနှင့် အားကစားသမားများအား မိတ်ဆက်ပေးသည်။ ဆက်လက်၍ အသင်း တွဲဖက်အတွင်းရေးမှူး မန္တလေးအသင်း အားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်စံက ဂုဏ်ပြုချီးကျူးရသည့် ရည်ရွယ်ချက်နှင့် မန္တလေးအသင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်မနှင့် စည်းရုံးရေးမှူးဒေါ်အမာတို့က ဗိုင်းဆုရ မန္တလေးတိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ပြောကြား

ထို့နောက် မန္တလေးတိုင်း ခြင်းလုံး ဆပ်ကော်မတီအတွင်းရေးမှူး ခြင်းလုံးအသင်းခေါင်းဆောင်ဦးကျော်သိန်းက နှစ်စဉ် အောင်ပွဲရ မန္တလေးတိုင်း ခြင်းလုံးအသင်းအား ဂုဏ်ပြုချီးကျူးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

ကလေးဝတောရ ပရိယတ္တိစာသင်တိုက် ရှင်အပါးတစ်ထောင်ရှင်ပြုပွဲ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တို့သည် ယမန်နေ့မွန်းတည့် ၁၂နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ဒုတိယအကြိမ် ရှင်အပါးတစ်ထောင်ရှင်ပြုပွဲ ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသအဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များ၊ ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ကလေးဝတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ အနုမောဒနာ ရေစက်သွန်းချ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။**(သတင်းစဉ်)**

ဒေါ်သန်းမြင့် (ပင်စင်ဦးစီး) အား ရည်စူး၍ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေကျွန်းမြိုင်လမ်း အမှတ် ၁၁၄/၂ သုဝဏ္ဏစုပေါင်းနေ ဦးအေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်း အမှုဆောင်များ၊ စည်းရုံးရေးမှူးများအားတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် ဧပြီ၈ရက်က မကွေးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံသည်။

မှာကြား

ရှေးဦးစွာ ခရိုင်နှင့် မြို့နယ်အလိုက် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တွဲဖက်အထွေထွေအတွင်းရေးမှူးက ကျေးလက်ဒေသပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များကို ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဧပြီ ၉ ရက် နံနက်က မကွေးမြို့ရှိ ဆက်သွယ်ရေးရိပ်သာ ဧည့်ခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မကွေးမြို့ရှိ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မကွေး ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့တွင် ဒေသခံပြည်သူများအား တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေ ရှင်းလင်းပြောကြား

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်တို့သည် ဧပြီ ၇ရက် မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ကုန်းသာကျေးရွာအုပ်စု ဝါဆောင် အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေမှုများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားပြီး ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် လှိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု ဒေါ်ဗြေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ဓမ္မာရုံရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသော ဈေးပိုင်းရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုများအား ဒုတိယအကြိမ် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကြပြီး အလှူရှင်များက အလှူငွေ ၁၀၅ သိန်းနှင့် ဆန်၊ ဆီတို့ကို လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့သည် လှိုင်ကော်မြို့ ပန်ကန်းကျေးရွာအုပ်စု ရွာတန်းရှည်အခြေခံပညာမူလတန်းကျောင်း၊ ဒေါပေါ်ကလဲကျေးရွာအုပ်စု ထေးဌားလှားဘုန်းတော်ကြီးကျောင်းတို့၌ဒေသခံပြည်သူများ၊ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က အလှူငွေ၊ ဆား၊ ဗလာစာအုပ်နှင့် ဘောပင်များ လှူဒါန်းကြသည်။

(သတင်းစဉ်)

ကြီးကြပ်ပေး

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ် ခြောက်ရပ်ကွက်သို့ ရေပေးဝေလျက်ရှိသော ဆင်ကန်ရပ်ကွက်ရှိ ဆင်ကန်သဘာဝရေကန်အတွင်းရှိ ဒိုက်များ၊ မှော်များ ဆယ်ယူခြင်းလုပ်ငန်းကို ဧပြီ ၉ ရက်က ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကောင်းမြတ်မြတ်မွန် ကြီးကြပ်ပေးစဉ်။ (က-ပ)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အကြိုအခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချမှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဧပြီ ၁၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် ခရိုင်အလိုက် အကြိုအခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည့် လှိုင်သာယာမြို့နယ် အားကစားကွင်းနှင့် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းသို့ သွားရောက်၍ သင်တန်းသားများအား အခြေခံစစ်ပညာနှင့် မီးသတ်ပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုအခြေအနေနှင့် ချက်ပြုတ်ကျွေးမွေးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေးခဲ့

ထိုသို့စစ်ဆေးရာတွင် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားကြို/ပို့ အဆင်ပြေစေရေး၊ ဘာသာရပ်များ ပြည့်စုံမှုရှိအောင် သင်ကြားရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ ပိုမိုပြည့်စုံရေးအတွက် ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(က-ပ)

ယဉ်ကျေးမှု၊ စာရိတ္တပညာနှင့် ဂုဏ်ရည်သင်တန်းများဆင်း

ရန်ကုန် ဧပြီ ၁၂

မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းနှင့် ဂုဏ်ရည်အားကစားသင်တန်းများဆင်းပွဲ၊ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၈ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၃)ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပေး

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းတွင်ထူးချွန်ဆုရရှိခဲ့သော သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပေးသည်။ **(ယာပုံ)**

ထို့နောက် ထောက်ကြန့်တောင်ပိုင်းရပ်ကွက်မှ ရပ်မိရပ်ဖ ဦးတင်ဌေးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၂၇ စောင်ကို တိုင်းအလုပ်အမှုဆောင် ဦးတင်မောင်ဝင်းထံ ပေးအပ်ကြောင်းသိရသည်။ **(၁၁၀)**

ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေအတည်ပြုပေး။

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလတွင် ကျရောက်သည့် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၁၂

မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၇ရက်မှ တန်ခူးလဆန်း ၁၁ရက် (၂၀၀၈ခုနှစ် ဧပြီလ ၁၂ရက်နေ့မှ ၁၆ရက်နေ့) အထိကာလသည် မြန်မာလူမျိုးတို့ နှစ်စဉ်ရိုးရာ အစဉ်အလာမပျက် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်ယင်ကျင်းပမြဲဖြစ်သည့် မဟာသင်္ကြန်ကာလဖြစ်ပေသည်။ “သင်္ကြန်”ဟူသောဝေါဟာရသည် အဓိပ္ပာယ်အားဖြင့် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း ဟူသောအဓိပ္ပာယ်တို့ကို သက်ရောက်ပါသည်။ တစ်နည်းအားဖြင့် အချိန်ကာလအရ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ ကူးပြောင်းရောက်ရှိခြင်းဟု ဆိုနိုင်ပါသည်။ ဤအခါသမယတွင် ယဉ်ကျေးသိမ်မွေ့သော မြတ်နိုးဖွယ်ရာဓလေ့ရှိသည့် မြန်မာလူမျိုးတို့သည် နှစ်ဟောင်းတွင် မကောင်းမှုအညစ်အကြေးများရှိခဲ့ပါက ဆေးကြောသုတ်သင်သန့်စင်သည့် အနေဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာနှစ်ကူးပွဲတော် အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ တစ်ဦးကိုတစ်ဦးက ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် ရေစင်များဖြင့် သိမ်မွေ့ညင်သာစွာ သွန်လောင်း ပက်ဖျန်းခြင်းအမှုကို အစဉ်အလာမပျက် ပြုလုပ်လေ့ရှိကြပါသည်။

မြန်မာဓလေ့ထုံးတမ်းအစဉ်အလာအရ အထက်ပါသင်္ကြန်ကာလတွင် သက်ကြီးဝါကြီးများအား တရော်ကင်ပွန်းအမွှေးနံ့သာရည်များဖြင့် ခေါင်းလျှော်ပေးခြင်း၊ ရဟန်းခံရှင်ပြုခြင်း၊ အလှူဒါနပြုခြင်း၊ ပူဇော်ကန်တော့ထိုက်သူများအား ပူဇော်ကန်တော့ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသော ကောင်းမှုကုသိုလ်များကို စေတနာသဒ္ဓါတရားပြည့်ဝစွာဖြင့် ပြုလုပ်လေ့ရှိကြပါသည်။

ယင်းကဲ့သို့ အလွန်ပင်လေးစားမြတ်နိုးဖွယ်ကောင်းသော ဓလေ့များဖြင့်ထုံမွမ်းသည့် မြန်မာတို့၏ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာလူမျိုးတိုင်းက တန်ဖိုးထားကာ နှစ်စဉ် သင်္ကြန်ကာလသို့ရောက်ရှိတိုင်း အစဉ်အလာမပျက် ဆင်ယင်ကျင်းပလေ့ရှိကြပါသည်။ ယဉ်ကျေးသိမ်မွေ့ပြီး မေတ္တာဓာတ်များ၊ ကောင်းမှုကုသိုလ်များဖြင့်ပြွမ်းသော မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်မျိုးကို ယဉ်ကျေးမှုစံနှုန်းများ မြင့်မားကြွယ်ဝသော မြန်မာနိုင်ငံ၌သာ ထူးခြားမွန်မြတ်စွာ တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်၍ မြန်မာလူမျိုးတို့၏ယဉ်ကျေးသိမ်မွေ့မြင့်မြတ်သော စိတ်နေသဘောထားနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကို လေးနက်စွာ ထင်ဟပ်ပြဆိုနေသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၏ အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့အား ပိုမို၍ခိုင်မာတည်တံ့နိုင်ရေးအတွက် ထိန်းသိမ်းသွားကြရန်မှာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားခဲ့ထည်သော မြန်မာလူမျိုးတို့၏ဓလေ့ရိုးရာ ယဉ်ကျေးမှုစံနှုန်းများသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူစွာ ဖော်ထုတ်ပြသနိုင်ရန်အတွက်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မတိမ်ကောမပပျောက်စေရေးအတွက်လည်းကောင်း မြန်မာတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ဖီလာဆန့်ကျင်ပြုရာရောက်သော အောက်ဖော်ပြပါအချက်များကို သတိပြု ရှောင်ရှားသင့်ပေသည်-

- သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားခြင်း၊ အပျော်လွန်၍ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် တည်ဆဲဥပဒေတို့ကို ချိုးဖောက်ခြင်းစသော အပြုအမူများ။
- ရိုးရာယဉ်ကျေးမှုကို သွေဖည်သော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ သရုပ်ပျက်အဆိုအကများ၊ မောင်နှင့်နှမ၊ သားနှင့်အမိ အမြင်မတော်သော ဝတ်စားဆင်ယင်မှုများ။
- အချင်းချင်းရိုင်းပျစွာ နောက်ပြောင်မှုများ။
- မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့မှုမှ သွေဖည်ကာ ဖိအားသုံးအရှိန်ပြင်းရေပိုက်များဖြင့် ဒဏ်ရာအနာတရ ဖြစ်စေသည်အထိ ရေပက်ခြင်း၊ ရေပူဖောင်း၊ ရေဘောလုံးများဖြင့်ပစ်ပေါက်ခြင်းများ။
- တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားစေနိုင်သည်အထိ ကြမ်းတမ်းရိုင်းစိုင်းစွာ ရေပက်ကစားခြင်းများ။
- မြန်မာတို့၏ မြင့်မားသော ကဗျာလင်္ကာတန်ဖိုးအရ သင်္ကြန်ပွဲတော်ကို ထည်ဝါခံ့ညားစေရန် ဖော်ကျူးခြင်းမျိုးမဟုတ်ဘဲ သူတစ်ပါးကို ထိခိုက်နစ်နာစေလိုသောသဘောဖြင့် သရော်စာပုံစံ အတိုင်အဖောက်သံချပ်ထိုးခြင်းများ။
- အန္တရာယ်ကျရောက်စေနိုင်သည့် မော်တော်ယာဉ်မောင်းနှင်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ချိုးဖောက်ခြင်းများ။

သို့ဖြစ်ပါ၍ မြန်မာလူမျိုးတို့ ဂုဏ်ယူတန်ဖိုးထားပြီး အမြတ်တနိုးဆင်ယင်ကျင်းပလေ့ရှိသော သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ မြတ်နိုးလေးစားဖွယ်ရာဖြစ်စေရေးအတွက် နိုင်ငံသားတိုင်းက ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် နှစ်သစ်မင်္ဂလာကိုကြိုဆိုလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တာမွေမြို့နယ် တာမွေကလေးရပ်ကွက်၌ ဖြိုးမေတ္တာဓမ္မာရုံ ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၂

တာမွေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်မတည်လှူဒါန်း၍ တာမွေကလေးရပ်ကွက်နေ ရပ်မိရပ်ဖအလှူရှင်များ စုပေါင်းလှူဒါန်းခဲ့သော ဖြိုးမေတ္တာဓမ္မာရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီက အဆိုပါဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ဖြိုးမေတ္တာ ဓမ္မာရုံနာယကအဖွဲ့ဝင် ဦးမြသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ဖြိုးမေတ္တာဓမ္မာရုံဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးသာဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ရပ်ကွက်စည်းရုံးရေးမှူး ဦးစိန်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဘုရားအနေကဇာတင်

ဆက်လက်၍ ဖြိုးမေတ္တာဓမ္မာရုံ၏ မြတ်စွာဘုရားအနေကဇာတင်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းဒုလ္လဘရဟန်းခံပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးတို့အား အမှူးထား၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၁ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ဗိုလ်ချုပ် ၂လမ်း မြို့မစမ်းမြိုင်ကျောင်းတွင် ကျင်းပရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

သိမ်ဆင်းလောင်းလှူ

ဒုလ္လဘရဟန်းခံပွဲတွင် မြို့မစမ်းမြိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းကပ်လှူ၍ ဝန်ထမ်း ရှစ်ဦးတို့အား သာသနာ့ဘောင်သို့ ဒုလ္လဘရဟန်းအဖြစ် သွတ်သွင်းချီးမြှင့်ကာ မွန်းလွဲပိုင်းတွင် အလှူရှင်မိသားစုများက သိမ်ဆင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဧပြီလအတွက်

(၁၃-၄-၂၀၀၈)ရက်နေ့ နှင့် (၂၇-၄-၂၀၀၈)ရက်နေ့

VALIANT (၁၉) လမ်းမိသားစု ရေကစားမဏ္ဍပ်ဖွင့်

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့ လသာမြို့နယ် ၁၉လမ်း မိသားစု VALIANT အတာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ယနေ့ မွန်းလွဲ၂နာရီ၄၅မိနစ်တွင် အဆိုပါမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးကျော်နိုင်ဦး၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းထွန်း၊ Myanmar Towards Co.,Ltd. နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီနီတို့က ဖဲကြိုးဖြတ်၍ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအပြီးတွင် ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အတာသင်္ကြန်ရေသဘင်ပွဲတော်တွင် ပျော်ရွှင်စွာရေကစားကြသည်။

ဖျော်ဖြေတင်ဆက်

အတာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့(ဧပြီ ၁၂ရက်)မှ သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ရက်)အထိ VALIANT ၁၉လမ်းမိသားစု အတာသင်္ကြန် ရေကစားမဏ္ဍပ်၌ စတုဒိသာကျွေးမွေးလှူဒါန်းပြီး ရုပ်ရှင်၊ ဂီတနှင့်အနုပညာရှင်များ သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ထားဝယ်မြို့ ကရပ်ပြင်ရပ်ရှိ ရှင်ကိုးရှင် သမိုင်းဝင် ရှင်ပင်ခရု စေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံ လျက်ရှိရာ ဘုရားရင်ပြင် ကြွေပြားခင်း ရန်အတွက် ထားဝယ်မြို့ မြောက်ရွာရပ် ရွှေတောင်စားလမ်း အမှတ်(၄၆၆/ခ)နေ ဦးအေးမင်း-ဒေါ်စန်းစန်းအေး၊ သမီး မနွေးနွေးလင်းလက်၊ သား မောင်လင်း ထက်အောင် မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော် ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗိုလ်တထောင်ဆိပ်ကမ်း ကျန်းမာရေးအဖွဲ့ လူမှုရေးအလှူ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဧပြီ ၁၂

ဗိုလ်တထောင်ဆိပ်ကမ်း ကျန်းမာရေးအဖွဲ့၏ လူမှုရေးအလှူငွေကျပ် ၆၆သိန်း ငွေပဒေသာပင်စိုက်ထူပွဲကို ဧပြီ ၆ရက် မွန်းလွဲ ၁နာရီက မွန်ပြည်နယ် ဘီးလင်း မြို့နယ် ပေါက်တောကျေးရွာရှိ ပရဟိတ တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ကျောင်း တွင် ကျင်းပရာ **(ယာပုံ)** ရန်ကုန်မြို့ ဗိုလ်တထောင် ဆိပ်ကမ်းကျန်းမာရေးအဖွဲ့မှ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေးမိသားစု(မြန်မာ့ အလှဆောက်လုပ်ရေး)၊ ဦးအောင်စိုး-ဒေါ်လှ လှဝင်း မိသားစု(အင်ကြင်းခိုင်ဖိနပ်ဆိုင်)၊ ဦးစိုးမြ-ဒေါ်ရွှေရီမိသားစု (ရွှေဘုံသာ ရွှေဆိုင်)တို့ ဦးစီး၍ အလှူရှင်များကစုပေါင်း လှူဒါန်းခဲ့ကြသည်။ ယင်းအလှူပွဲတွင် စေတနာရှင်အသီးသီးက ငွေပဒေသာပင် အလှူငွေကျပ် ၆၆သိန်းအပြင် ကျောင်းရှိ ကလေးငယ်များအတွက် အင်္ကျီ၊ လုံချည်၊ ဖိနပ်၊ စာအုပ်နှင့်စာရေး ကိရိယာများ၊ ခေါက်ဆွဲခြောက်၊ အချိုရည် စသည့် စားဖွယ်မျိုးစုံ တို့လည်း လှူဒါန်းကြသည်။

လျှောက်ထား

ရှေးဦးစွာ အကျိုးဆောင်အုပ်ချုပ် ရေးမှူး ဦးသူရအောင်က တိုင်းရင်းသား လူငယ် ဖွံ့ဖြိုးရေးကျောင်းအကြောင်း ရှင်းလင်းတင်ပြပြီး အလှူရှင်များကိုယ်စား ဦးကျော်ခိုင် (မြန်မာ့အလှနှင့် ရှေ့ဆောင် ပုံနှိပ်တိုက်)က လှူဒါန်းရခြင်းအကြောင်း လျှောက်ထား တင်ပြသည်။ ယင်းနောက် အဖွဲ့နာယက ဆရာသာဂဒိုး၊ ဗိုလ်တထောင်

စေတီတော် ဂေါပကအဖွဲ့ဝင် ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် ရွှေဘုန်းပွင့် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့် လွင်က လူငယ်များ ဗဟုသုတဖြစ်ဖွယ် တို့ကို အသီးသီး လျှောက်ထားကြသည်။

ဘီးလင်းမြို့ ပေါက်တောကျေးရွာ ပရဟိတ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ကျောင်းကို လွန်ခဲ့သော ၁၀နှစ်က သက်တော် (၇၂)နှစ်အရွယ်ရှိ ဆရာတော်(မဟာ သဒ္ဓမ္မဇောတိက) ဘဒ္ဒန္တသောဘဏက စတင်တည်ထောင်ပြီး ဦးသူရအောင်က အကျိုးဆောင်အုပ်ချုပ်ရေးမှူးအဖြစ်ဆောင် ရွက်ကာ ပြည်တွင်းပြည်ပအလှူရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ရပ်တည်လျက်ရှိသည်။ ကျောင်းတွင် ကျောင်းသူကျောင်းသား တိုင်းရင်းသားပေါင်းစုံ ၃၆၀ရှိသည်။

လှူဒါန်း

ဗိုလ်တထောင် ကျန်းမာရေးအဖွဲ့ဝင် များသည် ၂၀၀၇ခုနှစ် စက်တင်ဘာလက လည်း ရန်ကုန်တိုင်း တွံတေးမြို့ ဘုရား ကြီးကျေးရွာရှိ မင်္ဂလာပရဟိတ မိဘမဲ့ လူငယ်သင်တန်းကျောင်းသို့လည်း အလှူငွေ ပဒေသာပင် အလှူငွေကျပ် ၅၂သိန်းလှူဒါန်း ခဲ့ကြောင်း သိရသည်။ (က-ပ)

၉၃ လမ်း ဓမ္မပူဇာ နှစ်သစ်မင်္ဂလာ

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့် မြို့နယ် ကန်တော်ကလေး(တောင်ပိုင်း) ရပ်ကွက် ဆဋ္ဌမအကြိမ်မြောက် အောင် မင်္ဂလာဓမ္မာရုံ၏ နှစ်သစ်မင်္ဂလာ ဓမ္မ ပူဇာပွဲကို ဧပြီ၁၇ရက် (နှစ်ဆန်းတစ်ရက်) တွင် အရှင်ကဝိဓဇလင်္ကာရ (မျိုးသာကီ)၊ ၁၈ ရက်တွင် အရှင်ဝိမလ (ဓမ္မဒူတ၊ တောင်စွန်း)၊ ၁၉ ရက်တွင် အရှင်ဝိဇယ (မူလဓမ္မ) ဆရာတော်တို့က နိဗ္ဗာန်ရောက် ကြောင်း တရားတော်များကို ညစဉ် ၇ နာရီ တွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း(IDF) တရားအလှူတော်လုပ်ငန်း လှူဒါန်းပွဲစတင်

ရန်ကုန် ဧပြီ ၁၂

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း (IDF) မြတ်ဗုဒ္ဓအဘိဓမ္မာနှင့် ဝိပဿနာပြန့်ပွားရေး တရားအလှူတော်လုပ်ငန်း၏ နှစ်သစ်မင်္ဂလာ သစ္စာတရားတော် လှူဒါန်းပွဲစတင်ခြင်း အထိမ်းအမှတ်အဖြစ် မတ် ၃၀ ရက် နံနက် ၁၁နာရီက ဗဟန်း မြို့နယ်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် လှူဒါန်းပွဲ စတင်ကျင်းပရာ ဆေးရုံကြီး ငွေပဒေသာပင်အဖြစ် (IDF) အကျိုးတော်ဆောင်ချုပ် ဓမ္မစက္ကဦးမောင်မောင်နှင့် အစ်မ ဒေါ်အေးလှိုင်(သူနာပြုဆရာမကြီး-ငြိမ်း)က မိဘနှစ်ပါးအား အမှူးထား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းငါးသောင်းနှင့် (IDF) အဖွဲ့ဝင်များက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဆေးရုံတက်ရောက် ကုသနေသောလူနာများ ဖတ်ရှုနိုင်ရန် ဓမ္မစာအုပ်၊ စာစောင်၊ VCD / MP3 များကို လှူဒါန်းကြသည်။

အားပေး ဖြေကြား

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်း ရွာသာကြီးသို့ အလှူငွေကျပ် ၉၂၀၀၀ နှင့် တရားရှုမှတ်နည်း ဓမ္မစာအုပ်များ၊ စာစောင်၊ VCD / MP3 များကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မေတ္တာရိပ်မွန်ဓမ္မာရုံတွင် ကင်ဆာဝေဒနာရှင်များအား တရားဟောပြောပွဲပြုလုပ်ရာ ဆရာဓမ္မစက္က ဦးမောင်မောင်က ဝိပဿနာသတိပဋ္ဌာန် တရားရှုမှတ်ခြင်းဖြင့် ဝေဒနာကို ရင်ဆိုင်အနိုင်ယူနည်း ခေါင်းစဉ်ဖြင့် ဟောကြားပြီးနောက် ဝေဒနာရှင်များ သိလိုသမျှ ဓမ္မအကြောင်းအရာများကို အားပေး ဖြေကြားခဲ့သည်။

ဆက်သွယ်နိုင်

အလှူငွေနှင့် ဓမ္မစာအုပ်များ ပေးပို့လှူဒါန်းလိုသူများသည် ဓမ္မစက္က ဦးမောင်မောင် ဖုန်း-၀၉-၅၁-၂၇၃၃၀၊ ဓမ္မရောင်ခြည်စာပေတိုက် ၂၇၂(A)၊ မာဃ ၄ လမ်း၊ ၁၂ ရပ်ကွက် တောင်ဥက္ကလာပနှင့် ဦးတင်အောင်ကျော် စွယ်တော်ပုံနှိပ်တိုက် ၁၄၇၊ ၅၁လမ်း (အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၇၂၇၅၊ ၀၉-၉၉-၀၃၀၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အုတ်မြစ်တော်စီမင်္ဂလာနှင့် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၂

လက်ပံတန်းမြို့ လမ်းမတော် အဘိဓမ္မာညဝါတက္ကသိုလ် သဒ္ဓမ္မောဒယ ကျောင်းတိုက်ဝင်းအတွင်း အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်သဒ္ဓမ္မောဒယ ဆရာတော်ကြီး ပန္နက်တော်တင်ခဲ့သည့် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်မြတ်ကြီး အုတ်မြစ်တော်စီမင်္ဂလာနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်ဝင်း အတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီတွင်ကျင်းပ၍ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ဗုဒ္ဓဘာသာနွယ်ဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၁၀၈၉၉၀၀၀ ကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ဘိုးဘွားရိပ်သာသို့လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပါရမီလမ်းနေ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစုက ဆွမ်း ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ် လှူဒါန်း စဉ်။ (က-ပ)

မော်လမြိုင်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ရန်ကုန် ဧပြီ ၁၂

မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မော်လမြိုင်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲနှင့် မော်လမြိုင်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ခြောက်ဆိုင်တို့မှ ဝန်ထမ်း များအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်း၊ ဇာတ်တိုက် လေ့ကျင့်ခြင်းတို့ကို မတ် ၁၉ရက်က အဆိုပါအရောင်းဆိုင်များ၌ ကျင်းပရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးအောင်ဝင်းစိန် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဟောပြောသရုပ်ပြ လေ့ကျင့်ပေးကြသည်။(အောက်ပုံ)

အလားတူ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ် တပ်ဖွဲ့ဝင်များသည် မတ် ၁၁ ရက်တွင် မော်လမြိုင်မြို့ရှိ မြန်မာ့ သစ်လုပ်ငန်း အမှတ်(၅)သစ်စက်နှင့် သထုံခရိုင် ပေါင်မြို့နယ်ရှိ ပဒုမ္မာဆပ်ပြာစက်ရုံတို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောကြပြီး လက်တွေ့ မီးငြိမ်းသတ်ရေးကို သရုပ်ပြဇာတ် တိုက် လေ့ကျင့်ပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သင်္ကြန်တွင်း တရားပွဲများ

ရန်ကုန် ဧပြီ ၁၂

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလ ကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရား တော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)နှင့် လက်ထောက်ဆရာများက ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူ အေးရွာ ကျောင်းတိုက်နှင့် ဒါးပိန်မြို့ ကမကျောင်း တိုက်တို့တွင် ဧပြီ ၁၂ရက်မှ ၁၆ရက်အထိ မွန်းလွဲ ၁နာရီမှ ၆ နာရီအထိ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၁လမ်း ရေတွင်းကုန်းဓမ္မာရုံတွင် ဧပြီ ၁၂ရက်မှ ၁၆ရက်အထိ ညနေ ၆ နာရီမှ ၈ နာရီအထိ လည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာခုကာရီ ဓမ္မာရုံ ကြီးတွင် ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ၁၇လမ်း ရန်အောင်ကျောင်းတိုက်ဝင်း အောင်သာဝတီ စာသင်တိုက်ကြီးတွင် ဧပြီ၂၅ရက်မှမေ၁ရက်အထိ ညနေ၆နာရီခွဲမှ ၈နာရီ အထိလည်းကောင်း၊ ဗိုလ်တထောင် စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံ ကြီးတွင် မေ ၁ရက်မှ၇ရက်အထိ နေ့တရား စခန်းကို နံနက်၇နာရီမှ ညနေ၄နာရီခွဲအထိ လည်းကောင်း၊ စမ်းချောင်းမြို့နယ် ကျောင်း လမ်းနှင့် မြေနီကုန်း အောင်တော်မူလမ်း ထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း တိုက်၌ မေ ၈ရက်မှ၁၄ရက်အထိ လည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ် နိုင်ကြောင်း သိရသည်။ (က-ပ)

13-4 (13).pmd 1 4/13/2008, 1:50 AM

ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၀၈-၂၀၀၉)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) လုပ်ငန်းခွင်တွင် လုပ်သက်အနည်းဆုံး(၃)နှစ် လုပ်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၂၁-၄-၂၀၀၈ရက်မှ စတင်ရယူပြီး ၁၅-၅-၂၀၀၈ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။
(က) MBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်) ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
(ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း ၁၁၂) ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) အင်းလျားလမ်း။
(ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း- ၁၀၆) ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)(အင်းလျားလမ်း)။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၀၈ခုနှစ်၊ မေ ၁၇ရက်(စနေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) MBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
(ခ) MPA နှင့် MDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေး ရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့် ပတ်သက်၍ ဖုန်း-၆၆၀၈၂၂၊ ၆၆၄၆၈၄၊ ၅၃၆၄၃၄၊ ၅၃၆၄၃၆၊ ၅၈၅၀၇၀၊ ၅၈၅၀၇၁ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်။



အမည်ပြောင်း

အဖ ဦးမျိုးမြင့်၏သား အမက (၈) မှုလွန် သဃ်န်းကျွန်း ပဉ္စမတန်း (A)မှ မောင်အားမာန်အား မောင်ထွန်းမြင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထွန်းမြင့်အောင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁/၆၅၃၀ Nissan Laurel HB12, Sl ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန့်ဇင်အောင် မှတ်ပုံတင်အမှတ်၇/အတန(နိုင်)၀၆၅၃၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မူဆယ်မြို့)။

CONGRATULATION

နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့် **"တော်ဝင်ကေတုမတီ ဟိုတယ်၊ တောင်ငူမြို့"** ကို ၉-၄-၂၀၀၈ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း...

Hein Si Group of Companies.
Inlay Paramount Resort.

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၂

၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲ ၁နာရီက ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ်အားကစားရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် တပ်မတော်(ရေ)ဌာနချုပ်၊ တပ်၊ စခန်း၊ စစ်ရေယာဉ်စုများမှ အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲကို ဧပြီ ၂ရက်မှ ၉ရက်အထိ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီက ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်
(ဥပုသ်နေ့) မဟာသင်္ကြန်အကျနေ့

၁၃-၄-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၈း၀၀ ၄။ Rainforest Homeland (Part-1) Rainforest Homeland (Part-2)
- ၈း၄၅ ၅။ International News.
- ၉း၀၀ ၆။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ **မြန်မာရုပ်ရှင် သင်္ကြန်မိုး နေအောင်၊ ဇင်ဝိုင်း၊ ဇော်ဝမ်း၊ ခင်သန်းနု၊မေသန်းနု၊ သီတာသိမ့် (ဒါရိုက်တာ-မောင်တင်ဦး)**
- ၁၄း၁၅ ၅။ 'ဒါတို့ရွာ'
- ၁၅း၀၀ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၂၅ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၄၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၄။ ခါသင်္ကြန်အဆိုအကများ
- ၅း၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၀ ၇။ မိုးလေဝသအခြေအနေ
- ၆း၄၅ ၈။ ခါသင်္ကြန်အဆိုအကများ
- ၇း၀၅ ၉။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၇း၃၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
  - ၁၂။ နိုင်ငံတကာသတင်းများ
  - ၁၃။ မိုးလေဝသအခြေအနေ
  - ၁၄။ မြန်မာရုပ်ရှင် **မျက်နှာများတဲ့ကောင်းကင်** ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)
  - ၁၅။ အစီအစဉ်ပြီး၏။

လန်ဒန် ဧပြီ ၁၂

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်(၃၄)ကို ဧပြီ ၁၂ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဆန်းဒါးလန်းနှင့် မန်စီးတီးတို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရသဖြင့် မန်စီးတီးနည်းပြ အဲရစ်ဆင်လည်း မျက်နှာပျက်စရာ ဖြစ်ခဲ့ရသည်။

ဆန်းဒါးလန်းနှင့် မန်စီးတီးတို့ပွဲတွင် ဆန်းဒါးလန်းမှ ဘက်စလီ(လယ်) ဤသို့ ဘောလုံးရရှိရေး ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဆန်းဒါးလန်းနှင့် မန်စီးတီး

ဆန်းဒါးလန်းကို ၄း၄း၂ အခင်းအကျင်းဖြင့် ကစားစေခဲ့သည့်နည်းပြ ရွိုင်ကိန်း၏ ဗျူဟာကြောင့် အဲရစ်ဆင်၏ မန်စီးတီးကို ဆန်းဒါးလန်းတို့ အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ဆန်းဒါးလန်းတိုက်စစ်မှူး ဂျုံးစ်နှင့် မူရာဖီတို့က မန်စီးတီးနောက်တန်းကို အကြိမ်ကြိမ် ဖြတ်ကျော်ဂိုးသွင်းနိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သော်လည်း ဂိုးသွင်း မသေချာမှုကြောင့် ဆန်းဒါးလန်းတို့ တစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။

အမ်ဝါရှုဝါရီကို တိုက်စစ်အထောင်ထားပြီး ဂီလ်ဆင်၊ ဂျွန်ဆင်၊ အီလာနို၊ ပီထရော့နှင့် အီရီလန်တို့ ငါးဦးကို ကွင်းလယ်၌ထားရှိကာ အနိုင်ရရှိရေး ကြိုးစားခဲ့သော မန်စီးတီးတို့ ယခုပွဲ၌ ဆန်းဒါးလန်းကို မထိန်းချုပ်နိုင်ဘဲ ဆန်းဒါးလန်း၏ တိုက်စစ်ကိုသာ ဟန့်တားနေခဲ့ရသည်။ မန်စီးတီးတို့ နှစ်ကြိမ်ခန့်သာ အပိုင်ကန်သွင်းခွင့် ရရှိခဲ့ရာ ဆန်းဒါးလန်းကို ဂိုးမရှိသရေပွဲဖြစ်အောင် မနည်းကြိုးစား ကစားခဲ့ရသည်။

ဘော်လ်တန်နှင့် ဝက်စ်ဟမ်း

တန်းဆင်းဇုန်မှ ရုန်းထွက်ရန်ကြိုးစားနေသော ဘော်လ်တန်တို့ ဝက်စ်ဟမ်းထံမှ အဖိုးတန်သုံးမှတ်ရရှိခဲ့သည်။ ဘော်လ်တန်တို့ အိမ်ကွင်း၌ အနိုင်ရလိုစိတ်များများဖြင့် ကစားခဲ့ရာ ၄၇မိနစ်၌ ဘော်လ်တန်တိုက်စစ်မှူး ဒေးဗစ်ကတစ်ဂိုးသွင်းယူလိုက်ရာ ယင်းတစ်ဂိုးဖြင့်ပင် ဘော်လ်တန်တို့ နိုင်ပွဲရရှိခဲ့ပြီး တန်းစီဇယား၌ အဆင့် ၁၈နေရာသို့ တက်လာသည်။

စပါးနှင့် မစ်ဒယ်ဘရော့

စပါးတို့အိမ်ကွင်း၌ နိုင်ပွဲရရှိရေး ကြိုးစားသော်လည်း မစ်ဒယ်ဘရော့တို့က မာမာတင်းတင်းတုံ့ပြန်ကစားခဲ့မှုကြောင့် စပါးတို့သရေရလဒ်နှင့် ကျေနပ်ခဲ့ရသည်။ စပါးတို့ အိမ်ကွင်း၌ သုံးမှတ်အပြည့်ယူရန် ဘာဘာတော့ဗ်၊ ရော်ဘီကိန်း၊ လီနွန်၊ ဇိုကိုရာစသည့် အမာခံ ဘောလုံးသမားများကို အကုန်ထုတ်သုံးခဲ့ရာ ပွဲချိန် ၂၇မိနစ်၌ မစ်ဒယ်ဘရော့ နောက်ခံလူ ဂျိုနသန်ဂရောင်းစ် ဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားသဖြင့် စပါးတို့

ဆန်းဒါးလန်းက မန်စီးတီးထံမှ အဖိုးတန်တစ်မှတ်ယူ စပါးတို့အိမ်ကွင်း၌ မစ်ဒယ်ဘရော့နှင့် တစ်ဂိုးစီသရေကျ

လက်ဆောင်ဂိုးရရှိခဲ့သည်။ စပါးတို့မစ်ဒယ်ဘရော့ကို ခုနစ်ကြိမ် အပိုင်ကန်သွင်းခွင့်ရသော်လည်း တစ်ဂိုးမျှ မသွင်းယူနိုင်ခဲ့ချေ။

မစ်ဒယ်ဘရော့တို့က စပါးဘက်သို့ ၁၃ကြိမ် အပိုင်ကန်သွင်းခွင့်ရပြီး ခုနစ်ကြိမ်ခန့် လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းခွင့်ရရှိခဲ့ရာ ၆၉မိနစ်၌ မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား ဒေါင်းနင်းက ၁၂ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူလိုက်သဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မသွင်းနိုင်သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ပြီး စပါးတို့တစ်မှတ်စီ ခွဲယူခဲ့ရခြင်းဖြစ်သည်။

စပါးနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်(ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်

ဘာမင်ဂမ်	၁ - ၁	အဲဗာတန်
ရက်ဒင်း	၀ - ၂	ဖူလ်ဟမ်
ဒါဘီ	၀ - ၆	ဗီလာ။

(အင်တာနက်)

မန်ယူနှင့်အာဆင်နယ်ပွဲစဉ် ပွဲကြို အချက်အလက်များ

မန်ယူနှင့်အာဆင်နယ်(ယနေ့) ကစားမည့်ပွဲစဉ်၌ အီဗရာ၊ နဗီးလ်၊ ဖာဒီနန်တို့ ပါဝင်ကစားကြမည်ဖြစ်ပြီး စီရိုနယ်ဒိုနှင့် ရွန်နေတို့ကို ပွဲအစတွင်ပင် ထည့်သွင်းကစားမည်ဟု မန်ယူကလပ်က ပြောကြားသည်။

အာဆင်နယ်တွင် ကွင်းလယ်ကစားသမား ဖလာမီနီခြေချင်းဝတ်ဒဏ်ရာကြောင့် မကစားနိုင်ဘဲ ဂီဘာတိုဆေးလ်ဗား ပါဝင်ကစားမည်ဖြစ်သည်။ ဗန်ပါစီကို ပွဲအစ၌ပင် ထည့်သုံးမည်ဟု အာစင်ဝင်းဂါးက ပြောကြားသည်။

ပရီမီယာလိဂ်ပွဲပေါင်း ၃၁ပွဲ မန်ယူအိမ်ကွင်း၌ အာဆင်နယ်နှင့်ကစားခဲ့ရာ မန်ယူက ၁၂ပွဲနိုင်ပြီး အာဆင်နယ်က ကိုးပွဲနိုင်ကာ ၁၀ပွဲ သရေကျခဲ့သည်။

အားကစားဖောင်ပိတ် - မောင်ချစ်ကြည်

တာချီလိတ်မြို့၌ ပရဟိတကျောင်းဆောင်သစ်ဖွင့်

တာချီလိတ် ဧပြီ ၁

တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဟွေရယ်ကျေးရွာ(ပရဟိတလူငယ်ဖွံ့ဖြိုးရေး) အောင်မင်္ဂလာတောရကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးသွားသော ပရဟိတကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အလှူရှင်မစ္စတာလီခွန်ဖူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာကိုကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တာလေမြို့ ဒက္ခိဏာရာမ တပ်ဦးကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိကထံမှ ငါးပါးသီလခံယူကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ် ပရိတ်တရားတော်များအား ရွတ်ပွားတော်မူကြသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်က လွှဲပြောင်းပေးအပ်ရာ ဗိုလ်မှူးကြီးမြင့်ဟန်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ) (၀၁၆)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးမြို့ ပိတောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန်းခိုင်၊ ခရိုင်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် လမ်းကော်မတီ ဦးသန်းသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကျောက်ဖြူ လောကကြေးမုံစာကြည့်တိုက် အဆောက်အအုံဖွင့်

စာအုပ်စာစောင်မျိုးစုံနှင့် ရေဒီယိုပေးအပ်လှူဒါန်း

ကျောက်ဖြူ ဧပြီ ၁

ကျောက်ဖြူမြို့နယ် လိပ်ခမော်အုပ်စု မလကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လောကကြေးမုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိန်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာခင်စိုးနှင့် လောကကြေးမုံ စာကြည့်တိုက်မှူး ဦးမောင်သိန်းဖြူတို့က လောကကြေးမုံ စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာခင်စိုးနှင့် ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်မာအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

လှူဒါန်း

ထို့နောက် လောကကြေးမုံ စာကြည့်တိုက်အတွက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာခင်စိုးက မဂ္ဂဇင်း၊ ဂျာနယ် စာစောင် ၆၅အုပ်နှင့် ရေဒီယိုတစ်လုံးကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က စာအုပ်စာစောင်မျိုးစုံ ၇၅ အုပ်ကိုလည်းကောင်း လောကကြေးမုံ စာကြည့်တိုက်မှူးဦးမောင်သိန်းဖြူထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအောင်သံဃာများ ကြို့ပင်ကောက်၌ အောင်လက်မှတ်ဆက်ကပ်

ကြို့ပင်ကောက် ဧပြီ ၇

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒိန္ဒာစာရ၏ ဩဝါဒကိုခံယူလျက် ကြို့ပင်ကောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၁၃၆၈ခုနှစ်နှင့် ၁၃၆၉ ခုနှစ်တို့တွင် ကျင်းပခဲ့သော ပါဠိပထမပြန် စာမေးပွဲများ၊ နိကာယ်ငါးရပ်စာမေးပွဲများတွင် အောင်မြင်တော်မူခဲ့ကြသော သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်ခြင်းနှင့် စာအောင်ဆုဆက်ကပ်ခြင်း၊ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၈ နာရီက အရှေ့ဘက်ဘုရားကြီးဝင်းရှိ တိုက်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းက စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်ပြီး စာအောင်သူများနှင့် ပင့်သံဃာ၂၃ပါးတို့အား ဝတ္ထုငွေကျပ် ၃၃၅၇၀၀ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၀)**

တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ပဲခူး ဧပြီ ၆

(၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် တိုင်းအဆင့်ဆုရသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က ပဲခူးမြို့ အမှတ်(၁) အထက သီရိပညာခန်းမ၌ ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ (၀၆၈)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စတိုခန်းတွင် ကတ္တရာပီပါများ ထိန်းသိမ်းထားမှု အခြေအနေကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရိုးရာသင်္ကြန်ကာလ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ် အတုများ၊ အခြားယာဉ် နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA , RED LIGHT CAMERA များ တပ်ဆင်ထားပြီး ဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးထားပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) ""သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်""

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မီးဘေးကာကွယ်ရေး မင်းတုန်း၌ ဟောပြော

မင်းတုန်း ဧပြီ ၆

မကွေးတိုင်း မင်းတုန်းမြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတပ်ရင်းမှူး ဦးဝိုင်းကြည်သည် မတ် ၃၁ရက် နံနက် ၈နာရီက အမှတ်(၃)ရပ်ကွက် မြို့နယ်ခန်းမ၌ မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖောက်လုပ်သော ဇော်ဂျီပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းထိုက် ဦးစီးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မင်းတပ်မြို့နယ် ဝုမ်းခုမ်ကျေးရွာ မူလတန်းကျောင်း

ငွေရတု အထိမ်းအမှတ် အခမ်းအနားကျင်းပ

မင်းတပ် ဧပြီ ၂

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့နယ် မရှိန်းလော်ကျေးရွာအုပ်စု ဝုမ်းခုမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်လိန်းဂေက အထိမ်းအမှတ် ကျောက်တိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝမ္မသူးရွာ အလကကျောင်းအုပ်ဆရာကြီး ဦးကာဟုန်းကီးက အမှာစကားပြောကြားပြီး ဝုမ်းခုမ်ကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်လိန်းဂေက ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ကျောင်းဆောက်လုပ်ရန် မြေကွက်လှူဒါန်းသူ ဦးမောင်းကီးနှင့် ကျောင်းဥယျာဉ်အတွက် မြေလှူဒါန်းသူ ဒေါ်ဝိုင်းပိုင်တို့အား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဂေလိန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

13-4 (15).pmd 1 4/13/2008, 1:50 AM

ပုသိမ်၌ ယာဉ်နှင့် လမ်းစည်းကမ်း စစ်ဆေး

ပုသိမ် ဧပြီ ၄

ဧရာဝတီတိုင်း ပို့ဆောင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂျွန်ရပ်(စ်)သောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်ထွန်း၊ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကြည်ဝင်း၊ တိုင်းယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံဒုတိယရဲမှူးဇော်ဝင်း၊ တိုင်းမော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးကြိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ရင်၊ နှစ်ထပ်ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့် စက်လှေများအသင်းဥက္ကဋ္ဌ ဦးတင်ရွှေတို့ ပူးပေါင်း၍ မတ် ၂၃ရက်က ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ ဆက်သွယ်ပြေးဆွဲနေသော မော်တော်ယာဉ်များကြွခိုင်မှု ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်သက်တမ်း၊ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ခြင်းရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ) (၁၅၇)**

ပြန်/ဆက်လုပ်ငန်းများ အကောင်အထည်ဖော် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မန္တလေး ဧပြီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မတ် ၂၅ရက် နံနက် ၁၀နာရီက မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်နှင့် မြို့နယ်ဦးစီးမှူးများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သင်္ကြန်တွင်း ခါတော်မှီ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွှန့်ရပ်ကွက် သာသနာ့ရောင်ခြည် ခါတော်မှီကျောင်းတိုက် ဝင်းရွှေရည်တိုက်ကျောင်းတော်ကြီး၌ သင်္ကြန်တွင်း ခါတော်မှီ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲတွင် ခါတော်မှီကျောင်းတိုက် ပဓာနနာယက ခါတော်မှီဆရာတော်ဘဒ္ဒန္တသုမနအရှင်မြတ်နှင့် ရွှေတိဂုံစေတီတော်ရင်ပြင် တိ/ဂုံဝိပဿနာ ပြန့်ပွားရေးအသင်းကြီး၏ ကမ္မဋ္ဌာန်းနည်းပြ ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ပွင့်ဖြူဆရာတော် အရှင်သမ္မာစာရ အရှင်မြတ်နှစ်ပါးတို့က ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားချီးမြှင့်ကြမည်ဖြစ်သည်။ နှစ်ဆန်းတစ်ရက်တွင် ဘုရားအမှူးရှိသော သံဃာတော် ၇၅ပါးတို့အား (၁၇)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်မည်ဖြစ်ရာ အလှူရှင်များ ဖုန်း- ၀၉-၅၁-၈၉၁၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမြို့မြို့အနယ်နယ်သတင်းများ

အလုံမြို့နယ် နံ့သာလမ်းနေ ဦးအောင်ကျော်ဇော-ဒေါ်အေးအေးသိန်းတို့က သားဖြစ်သူ ကိုအောင်ဇော်ထွဋ်နှင့် မြေးဦး ခန့်သော်ထွဋ်(စင်ကာပူ)တို့၏ မွေးနေ့အလှူအဖြစ် ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က အမှတ်(၁) ဈေးအတွင်းတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လင်းက ရှင်းလင်းတင်ပြစဉ်။ (၁၁၄)

ဝိုင်းမော် ကျေးလက်လမ်းနှင့် စက်ရေတွင်း ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ဝိုင်းမော် ဧပြီ ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်ဦးလိုက်ပါ၍ ဧပြီ ၁ရက်က ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ရုံးဝင်းအတွင်းရှိ မျိုးဥယျာဉ်အမှတ် (၁)၊ (၂)၊ (၃)တို့အားလည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးသော မြို့ပြ၊ ကျေးလက်လမ်းလုပ်ငန်းများနှင့် အောင်မြေ(၂)ကျေးရွာရှိ ကျေးလက်စက်ရေတွင်းတို့ကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သော ဘူတာပိုင်း ရပ်ကွက် မြရတနာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က လမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၅၀)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောက်လုပ်ဆဲဖြစ်သော လေးထပ် ဘောဇနဆောင်အတွက် ဦးမြင့်သိန်းလွင်-ဒေါ်သိန်းသိန်းဆွေ (ပတ္တမြားရတုမင်္ဂလာ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးဝင်းလှ မွေးနေ့အလှူ ကမာရွတ်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးအောင်သိန်း-ဒေါ်ကြည်မိသားစု ရွှေတိဂုံဘုရားလမ်း စစ်သမိုင်းပြတိုက်က ငွေကျပ်တစ်သိန်း၊ Oplimum Company Limited. ဗဟန်းမြို့နယ်က ငွေကျပ် တစ်သိန်းနှစ်သောင်းငါးရာ၊ ဦးညီညီ-ဒေါ်ကြည်ကြည်မြင့် မရမ်းကုန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ကိုတင်မောင်မြင့် မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်တစ်သိန်း၊ဦးအုန်းကြွယ်-ဒေါ်နီနီမိသားစု ကျောက်တံတားမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါက်တာဦးစိုးမြင့်-ဒေါက်တာ ရီရီထွန်း၊ သားသမီး၊ မြေးများ စမ်းချောင်းမြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဒေါ်စန်းမြင့်နှင့်မောင်နှမတစ်စု တာမွေမြို့နယ်က ငွေကျပ်တစ်သိန်းကို လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း- ၅၄၃၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လဲချားမြို့ နောင်ယိမ်း(၂)လမ်း ကျောက်ချောလမ်းသစ်ဖွင့်

လဲချား ဧပြီ ၅

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော နောင်ယိမ်း (၂)လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က လဲချားမြို့ အမှတ်(၄) ရပ်ကွက်အတွင်းရှိ အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် အမှတ် ၄ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုင်းမြင့်ဖေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၀၄၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုများဆောင်ရွက်

ပြည် ဧပြီ ၈

ပြည်မြို့ ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၃) စက်မှုအလုပ်ရုံအဆင့်(ခ)ရုံး၏ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှု ပြုလုပ်ခြင်း အခမ်းအနားကို မတ် ၂၈ရက် နံနက် ၈နာရီက ပြည်မြို့ ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၃)စက်မှုအလုပ်ရုံအဆင့်(ခ)ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့ ဆည်မြောင်းဦးစီးဌာန စက်မှု တိုင်း(၃) စက်မှုအလုပ်ရုံအဆင့် (ခ)ရုံးမှ ဦးစီးအရာရှိ ဦးဇော်မျိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက မီးဘေး ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

လက်တွေ့ပြသ

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်လူဇော်နှင့် ခရိုင်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုများကို ပြည်မြို့ ဆည်မြောင်း ဦးစီးဌာန စက်မှုတိုင်း(၃) စက်မှုအလုပ်ရုံ အဆင့်(ခ)ရုံးမှ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများက မီးငြိမ်းသတ်မှုများကို လက်တွေ့ပြုလုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (၀၅၇)**

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

- နှစ်ဦးမင်္ဂလာ သည်အတာ ရိုးရာသင်္ကြန် ပျော်စရာ။
- ပျော်ရွှင်ချိန်မှာ ပြည်သူအများ အကြမ်းဖက်သမား သတိထား။ ပြည်သူ့အားနဲ့ ဝိုင်းဖယ်ရှား။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့။

၁၃၆၉ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့ လောင်းကြ၊ ပက်ကြ ပျော်ရွှင်နွဲ့ အတာရေသဘင်ပွဲ

သင်္ကြန်အကြိုမြင်ကွင်း - မောင်မောင်မြင့်ဆွေ ▲ ဓာတ်ပုံမှတ်တမ်း- တင်စိုး နှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

သင်္ကြန်အကြို ပိတောက်ပန်းတွေလည်းပွင့်ခဲ့ပြီ။ သင်္ကြန်အကြိုနေ့လည်း ရောက်ခဲ့ပြီ။ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကား မြန်မာနိုင်ငံတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲကျင်းပဆင်နွှဲကာ ပျော်ရွှင်ကြည်နူးစွာ စတင်ဖြတ်သန်းနေပြီဖြစ်ရာ သင်္ကြန်အပျော်၊ သင်္ကြန်အသံ၊ သင်္ကြန်ဟန်များကို မြို့တိုင်း၊ ရွာတိုင်း၌ တွေ့မြင်ကြပြီဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၄ ●

သင်္ကြန်အကြိုနေ့က အင်းလျားလမ်း၌ ရေပက်ခံသူများ၊ ရေပက်သူများဖြင့် ပျော်ရွှင်စွာ ရေကစားကြစဉ်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ပညာရေး ဝန်ကြီးဌာန ကိုယ်စားပြု ပိတောက်ပျိုမလေးယိမ်းအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

- အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

- ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။